# သခင့်စကား
## The LORD's Word

မင်းအောင်သက်လွှင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေး ရာ စာစောင်


Happy Easter!

တရားစကားကိုငြင်း ကောင်းကင်ခိုလ်ခြေ အရှင်
ထာဝရဘုရား၏ ရှေ့ပရောဖက်တို့ဖြင့် ထားတော်မူသော
စကားကိုငြင်း သူတို့သည် မကြားစေခြင်းငှာ မိမိတို့
နှလုံးကိုစိန်ကျောက်ကဲ့သို့ မာစေကြ၏ ဇာခရိ ၇း၁၂

အမှတ်စဉ် (၁၁၇) မေလ ၂၀၁၁ ခုနှစ် ဓမ္မဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)



## ဘုရားသခင်၏စကားတော် မလေး(ဂျူလိုင်)



ညနက် သန်းခေါင်ယံ အချိန် ၊ကောင်းကင်ကို မျှော်ကြည့်ခိုက်
ကြယ် တစ်လုံးမဟုတ်၊နှစ် ၊သုံး ၊လေး ၊ငါး အစဉ်အလိုက် သံစဉ်တွေ ရေတွက်လို့
သာယာ နာပျော်စေတဲ့၊ တေးကို သီဆိုနေကြလေရဲ့ ။

ဦးစွာပထမ ကြယ်လေးဆီက၊ တေးဆိုသံက
ငါသည် ဤလောက၏အလင်း ဖြစ်၏။ ငါ့နောက်သို့ လိုက်သောသူသည်
မှောင်မိုက်၌ မသွား မလာ။ အသက်၏အလင်းကို ရလိမ့်မည်။(ယောဓး၁၂)

ဒုတိယမို့ ကြယ်စင်လင်းလက်၊ စကားသံက ငါသည် အသက်မုန့် ဖြစ်၏။
ငါ့ထံသို့ လာသောသူသည် နောက်တဖန် အဆာအမွတ် မခံရ။(ယော ၆း၃၅)



တတိယ ကြယ်လေး တေးသံစီးဆင်း၊ ထူးခြားစကား ပြောဆိုသံက ငါသည် လမ်းခရီး၊ သမ္မာတရား၊ အသက်ဖြစ်၏။ ငါ့ကို အမှီမပြုလျှင် ခမည်းတော်ထံ မရောက်ရ။ (ယော ၁၄း၆)

စတုတ္ထကြယ် တီးတိုးစကား၊ စွမ်းပကားက ငါသည်ထမြောက်ခြင်းနှင့် သက်ရှင်ခြင်းအား ပေးနိုင် အရှင်ယေရှုဖြစ်၏။ ငါ့ကိုယုံကြည် သေလွန်သော်လည်း ရှင်လိမ့်မည်။ (ယော ၁၁း၂၅)

ပဉ္စမယံ ကောင်းကင်ကြယ်က၊ ဝမ်းမြောက်မှု နှင့် ကြွေးကြော်သည်ကား
ကောင်းကင်မြေကြီး မတည်သော်လည်း ငါ၏ စကား အစဉ်တည်၏။ (လုကာ၂၁း၃၃)

ကောင်းကင်ယံထက် ကြယ်များဆီက ကြားခဲ့စကား ကောင်းမွန်ပေ၏။
ဘုရားသခင် မြတ် အရှင်၊ ကိုယ်တော်ရှင်၏ ကောင်းကြီးမိုးများ
ယခု ကျွန်ုပ်ပေါ် သံစဉ်မိုး အဖြစ် ရွာသွန်း၊ ချီးမြှောက်တော်မူပါ။

---


## ကာကွယ်ခြင်း (သို့) ကုသခြင်း Samuel Soe Lwin




အလုပ်လက်မဲ့ ကြုံရခက်တော့ အပြေးအလွှား ဘုရားကျောင်းသွား။
ဖျားနာခက်ခဲ ကြုံကာနွဲတော့ အပြေးအလွှား သင်းအုပ်ထံသွား။
ခက်ခဲဝေသီ အုံ့ဆိုင်းထွေတော့ အပြေးအလွှား ဆုတောင်းခန်းသွား။
……များ။ ……လျှင်။ ……သွား။ ………သွား
ဘုရားတရား ဦးထိပ်ထားလျှင် လိုအပ်အရေး ဘုရား ကတိတော် မနှောင့်နှေး။
ကုသခြင်းနှင့် ကာကွယ်ခြင်းတွင် သင်အားသန်ရာ ကြုံဆုံရမှာ။

---

## ယုံကြည်သူတို့၏အသက်တာ (Mom)




သွားလေရာမှာ အတူပါ ကိုယ်တော်ကြောင့်သာ အဆင်ပြေတာ
ကိုယ်တော် မပါ ချန်ကာထား ခဲယဉ်းမှုများ ဒုက္ခပွား
ဝေဒနာကျော်လွှားအောင်မြင်လိုတာ ကိုယ်တော့်ကိုသာ အားကိုးပါ
သင့်ကို မစွန့်ပစ်မထား ကိုယ်တော့် ကတိ စကား။
ခွန်အားယူပါ ရဲရင့်ပါ၊ အားပေးနေတာ သခင့်စကားပါ။
နေ့ညမပြတ် ဖတ်ရွတ်မှ အောင်မြင်မှုရ ကြံစည်သမျှ
ဖတ်ပါမှတ်ပါ နေ့စဉ်အသက်တာ ယောရှုမှတ်စာ အခန်းကြီး၁ အငယ်၈မှာ
အခန်းငယ် ၅နဲ့ ၆၊ သောက အားလုံးပျောက်၊ ဘဝခရီးတစ်လျှောက် ကိုယ်တော်နဲ့ လျှောက်။ ဆင်းရဲဒုက္ခ ငါမကြောက် သခင့်ရှေ့မှောက် အစဉ်ဒူးထောက်
ကောင်းကြီးလုံလောက် ပြည့်ဖြိုးမောက်။ အငယ်၉မှာ ဆိုထားတာ သင်သွားလေရာ
အစဉ်ရှိမှာ။ သခင်ရှိလျှင် စိတ်နှလုံးတွင် ပျော်ရွှင်ငြိမ်သက် နှိမ့်ချလျှက်
မိန့်မှာစကား ရင်မှာ သိုထား ပြောကြားကြလေ သခင်စေလွှတ်နေ
ကမ္ဘာမြေတလွှား လူအများ ကယ်တင်ခြင်း သတင်းစကားကြားစေသား
သက်ထာဝရ ရစေသား၊ ယုံကြည်သူများ အစဉ်နိုးကြား။ ။ (Mom)



---

## အကြွင်းမဲ့မေတ္တာ Seng Taung ဆိုင်းတောင်

ပျောက်ဆုံး ဝိညာဉ်တွေကို ကိုယ်တိုင် ချစ်တတ်လာမှ
သခင့်အသက်နဲ့ ရွေးထားတဲ့ ကယ်တင်ခြင်းတရားကို ပိုတန်ဖိုး ထားတတ်လာသည်။
ကယ်တင်ခြင်း သတင်းကောင်းကို ကိုယ်တိုင်ဝေငှတတ်လာမှ
သခင်ပေးဆပ်ခဲ့တဲ့ အဖိုးအခကို ပိုသိမြင်လာရသည်။
လျှစ်လျူရှုခြင်းကို ကိုယ်တိုင် ခံရတော့မှ







သခင့်ကို အကြိမ်များစွာ လျစ်လျူရှုခဲ့မိတာ ပြန်သတိရလာသည်။
ပိတ်ထားသော နှလုံးတခါးများအတွက် ကိုယ်တိုင် ပူပန်မိတဲ့အခါ
သခင့်ရဲ့ အကြွင်းမဲ့ ချစ်ခြင်းနဲ့ စွန့်ခြင်းမေတ္တာကို ပိုနားလည်လာရသည်။
ကားတိုင်လမ်းကို ကြိုသိနေလျှက် အပြစ်ငရဲမှ ကယ်တင်ဖို့ရန်
တလောက သားလုံးအတွက် မွေးဖွားခံယူတဲ့ သခင့်ရဲ့ အသေခံခြင်း ဂွတ်ဖရိုင်းဒေး နဲ့ ရှင်ပြန်ထမြောက်ခြင်း အီစတာပွဲမှာ နှလုံးသားဗလာနဲ့ ကျင်းပနေကြတဲ့ ဒီလူတွေပေါ်မှာ သခင့်ရဲ့မေတ္တာက "အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကို ငါချစ်၏" တဲ့။ (ယေရမိ ၃၁း၃)

---

## ရလဒ် ချစ်လင်းလေး

၂တိ ၄း၇ ကောင်းစွာသော တိုက်လှန်ခြင်းကိုငါပြုပြီ။ ပြေးရသောလမ်းကို အဆုံးတိုင်အောင် ပြေးပြီ။ ယုံကြည်ခြင်းတရားကို စောင့်ရှောက်ပြီ။ ယခုမှစ၍ ဓမ္မ သရဖူသည် ငါ့အဘို့ သိုထားလျှက်ရှိ၏။ ထိုနေ့ရက်၌ တရားသဖြင့် စီရင်သော သူ တည်း ဟူသော သခင်ဘုရား သည် ထိုသရဖူကို ငါ၌ အပ်ပေးတော်မူမည်။

မှောင်မိုက်ပြီး ချမ်းအေးလှတဲ့ ဆောင်းညတညမှာ ဖားလေးနှစ်ကောင်ဟာ အစာရှာ ထွက်လာကြတယ်။သူတို့ဟာ မြက်ကိုင်းပင်တွေ၊ ကျောက်တုန်းတွေကို ခုန်ပျံ ကျော်လွှား ထွက်လာရင်းက ရွာကလေးတရွာအနားကို ရောက်လာတယ်။ အဲဒီ ရွာ ကလေးဟာ နွားတွေမွေးတဲ့ ရွာကလေးဖြစ်လို့ နွားနို့၊ ဒိန်ခဲ၊ ဒိန်ချဉ်နဲ့ နို့ထွက် ပစ္စည်းတွေ အမြောက် အများထွက်တဲ့ ရွာလေးပေါ့။ ဖားလေး နှစ်ကောင်ဟာ ခုန်လွှား ရင်းက စားရက်ကြုံချင်တော့ ရွာထိပ်က အဖွားအိုတဦးရဲ့ မလိုင်အိုးထဲ ကျသွား သတဲ့။ ဒါနဲ့ဖားလေး နှစ်ကောင်ဟာ မလိုင်တွေကို ဆာဆာနဲ့ အားရပါးရ စိတ်ကြိုက် စားတော့ တာဘဲ။ စားလို့လဲပြီးရော မလိုင်အိုးထဲက ထွက်ဘို့ ကြိုးစား ကြပေမဲ့ ဘယ်လိုမှ ထွက်လို့ မရ ဖြစ်နေတယ်။ ခုန်လို့လဲမရ၊ ကုတ်ကပ်တက် တော့လဲ မလိုင်အိုးက ချောမွတ် နေပြီး မတ်စောက်နေလို့ တက်လို့မရကြဘူး။ တဝဲလည် လည်နဲ့ မလိုင်အိုး ထဲမှာကူးနေရတဲ့ ဖားလေးနှစ်ကောင်ဟာ ကြာလာတော့ ခြေကုန် လက်ပန်း ကျလာတယ်။ ဒီတော့ ဖားလေးတကောင်ဟာ စိတ်ဓါတ်ကျ လာပြီး`` ငါကူးနေလည်း အလကားဘဲ၊ ဒီအိုးကြီး ထဲက ဘယ်လိုနည်းနဲ့မှ ထွက်နိုင် တော့မှာ မဟုတ်တော့ဘူးလို့ဆိုပြီး စိတ်ဓါတ်ကျခါ၊ ဖွဲ တွေ၊ မာန်တွေ၊ မျှော်လင့်ချက်တွေ ကို ရပ်တန့်ပစ်လိုက်တယ်ဆိုရင်ဘဲ မကြာခင်မှာ ခြေကုန် လက်ပန်းကျလို အသက်ထွက် သွားတော့တာဘဲ။။

ကျန်တဲ့ဖားလေးကတော့သေတဲ့အထိကူးမယ်ဆိုပြီးလွတ်မြောက်ရာလမ်းကိုတွေ းတောကာ စိတ်ဓါတ်မကျဘဲ မျှော်လင့်ချက် အားမာန်ဇွဲအပြည့်နဲ့ စိတ်ဓါတ် တင်းထားရင်း ကူးခတ်နေဆဲ ဆောင်းညရဲ့ အအေးဒဏ်ကြောင့် အိုးထဲက မလိုင် တွေဟာ ဒိန်ခဲအဖြစ် တဖြည်းဖြည်း ပြောင်းလဲသွားတယ်။ ဒိန်ခဲတွေဟာ ဖားလေး အတွက် ထောက်ခုန်စရာ ဖြစ်လာပြီး အိုးကြီးထဲက ခုန်ထွက်လာနိုင် တော့တယ်။ လွတ်မြောက်သွားတဲ့ ဖားလေးဟာ အမှောင်ကွယ်ပျောက် အလင်းရောင်အောက်မှာ နေ ရောင်ခြည်ရဲ့ နွေးထွေးမှုနဲ့အတူ ငြိမ်းချမ်းစွာ အသက်ရှင်နိုင်ပြီး လိုရာခရီး အပျော် ထုထဲ သွားနိုင်ပြီးပေါ့။

ဒီလိုပါဘဲ လူ ့ဘဝရဲ ့အစိတ်အပိုင်းအချို ့မှာမလိုင်အိုးထဲရောက်နေရသလို ဆိုးရွားတဲ့ ရာသီဥတုဒဏ်၊မှောင်မိုက်ခြင်းတွေကာရံနေသလို ခံရတဲ့ ဖားလေး နှစ် ကောင်နဲ့တူပါတယ်။ ရိုးသားစွာနဲ့ ကြိုးစားရုန်းကန်နေရင်းက ထင်တာတွေ ဖြစ်မလာ ခဲ့ရင် လိုချင်တာတွေ မရလာခဲ့ရင် ဝမ်းနည်းလာတယ်၊ စိတ်ဓာတ်တွေ ကျလာတယ်။ လောကကြီး ကိုလည်း စိတ်နာ၊ ခါးသည်းလာ တယ်။ ဒါကြောင့်လည်း ဆာလံဆရာက ``ငါမူကား ခြေချော်လုလျှက်၊ ခြေရာလွဲလုလျှက်ရှိပြီ။ အကြောင်းမူကား မတရားသော သူတို့၏ စည်းစိမ် ကို မြင်သောအခါ၊ မိုက်သော သူတို့ကိုပင် ငါငြူစူမိပြီ။ ထို သူတို့သည် မသေမီ တိုင်အောင်နာကျင်ခြင်း ဝေဒနာ မရှိ၊ ခိုင်မာသော အစွမ်း သတ္တိ ရှိကြ၏။ သူတို ့သည် လောကဒဏ် ဒုက္ခ မရှိ။ လူများကဲ့သို့ အနှောက်အယှက်ကိုမခံရကြ။ ``ဆာလံ ၇၃း၂-၅

တခါတရံ လောကကြီးမှာ ဘုရားကို မသိသူတွေ၊ မတရားစီးပွားကြောင့် ကြီးပွါး ချမ်းသာကြွယ်ဝပြီး လောကနန်းမှာ စိုးစံဖန်တီးနိုင်တာကိုတွေ့ရင် မတရားသော အမှုလို့ တွေးမိတယ်။ သို့သော် ဆာလံ ၇၃း၁၇ မှ ``နောက်မှ ဘုရားသခင်၏ သန့်ရှင်းရာ ဌာန ထဲသို့ဝင်၍သူတို့၏ အဆုံးကို နားလည်ရပါ၏ `` ဟု ထိုသူတို့၏ အဆုံးကို သဘော ပေါက်ခဲ့ရသည်။ ဘုရားသခင်သည် လူတယောက်စီတိုင်းရဲ့ လုပ်ကိုင်မှုတွေ၊ တွေးတော

ကြံစည် မှုတွေ အားလုံးကိုသိသလို၊ နှုတ်က မထော်တဆ ထွက်သွားတဲ့ စကား တခွန်းကိုတောင်မှ မှတ်မိတဲ့ ဘုရားဖြစ်တယ်။

ဒါကြောင့် ဘုရားသခင်ကို ယုံကြည်ကိုးစားလျက် ဖြောင့်မတ်ခြင်း လမ်းပေါ်မှာ ကောင်းစွာတိုက်လှန် ခြင်းကိုပြုပြီး ဓမ္မသရဖူကိုရယူပါ။ ယခု သင်ခံနေ ရတဲ့ ဒုက္ခအခက်အခဲတွေဟာ သင့်ဘဝရဲ့ အခါးသီးဆုံးအချိန်၊ အမှောင်မိုက်ဆုံးအချိန် (သန်းခေါင်) ဖြစ်နေမယ်ဆိုရင် အာရုံဦး နံနက်ခင်း နေထွက်ချိန်ကို သိပ်စောင့်စရာ မလိုတော့ပါဘူး။ တဖြည်းဖြည်းနဲ့အမှောင်ရိပ်တွေ ကွယ်ပျောက်သွားတော့မှာပါ။ သင့်အနေနဲ့ ကတော့ ရိုးသားစွာ ကျင့်ကြံ၊မှန်ကန်စွာ လုပ်ကိုင်၊ မှသာမဲ့ ပြောဆိုပြီး၊ ဖွဲ့ရှိ စိတ်ရှည်သည်းခံပါ။ ဘဝကိုလွယ်လွယ်နဲ့အရှုံးမပေးပါနဲ့။ ဘဝမှာ အကောင်းဆုံး အချိန် တွေနဲ့အတူ အောင်မြင်မှုတွေရရှိဘို့ ဘုရားပေး တာဝန်တွေ သင်လုပ်စရာ အများကြီးရှိပါတယ်။ သင်ဟာ သင့်အပေါ်မှာ ဘုရားသခင် ပြင်ဆင်ပေးထားတဲ့ လျှံနေ သော ကောင်းကြီး ခွက်ဖလားတွေ အကြောင်း သိသူဆိုရင် ဘဝကို ပျော်ရွှင်စွာ လက်ခံ သင့်သည် မဟုတ်ပါလား။ ဆာလံ၃၀း၅ ညဉ့်ဦးယံ၌ ငိုကြွေးခြင်းသည်လာ၍ တည်းခို၏။ နံနက်ယံ ၌ကား သီချင်းဆိုရသော အခွင့်ရှိ၏။ ထိုအခွင့်အရေး သင်၌ရှိပါစေသောဝ်။ ။( ဝန်ခံချက်။ Internet မှ အမည်မသိ စာရေးဆရာ တဦး၏ "I care about you "အား ဆီလျော်စွာ ဘာသာပြန် ထားပါသည်။)



ချစ်လင်းလေး

---

## ပိုမိုသေချာစွာသိချင်မိတယ် F.penny

လောကရဲ့ လိုချင်တပ်မက်မှုတွေ ရရှိနိုင်ဖို့ရန်အတွက် ရှာဖွေရုန်း ကန်နေရတယ်။ လောကရဲ့ချမ်းသာကြွယ်ဝမှုတွေကို ရရှိနိုင်ဖို့ရန်အတွက် လှုပ်ရှားရုန်းကန်နေရတယ်။ လောကရဲ့ အတတ်ပညာတွေကို ရရှိနိုင်ဖို့ရန် အတွက် သူ့ထက်ငါ ယှဉ်ပြိုင်ကြိုးစားနေရတယ်။ လောကရဲ့ အောင်မြင်မှု သရဖူကို ရရှိနိုင်ဖို့ရန်အတွက် ပြေးလွှားရင်း နော်ဘယ်(လ်)ဆု ဆွတ်ခူးနိုင်ဖို့ ကြိုးစားလျှောက်လှမ်းနေရတယ်။ လောကရဲ့ ဦးဆောင်သူ နိုင်ငံခေါင်းဆောင်ကြီးတွေ ဖြစ်နိုင်ဖို့ရန်အတွက် လူထုဦးရေ မဲဆန္ဒများ ရရှိနိုင်ဖို့ လုံးပန်းနေရတယ်။ လောကရဲ့ နာမည်ကောင်း လေးတွေ ရရှိ နိုင်ဖို့ရန်အတွက် အလှူဒါနတွေ ပေးလှူနေရတယ်။

သို့ပေမယ့် အသက်တာရဲ့ အလိုအပ်ဆုံးသောအရာ ထာဝရ အသက်ရှင် ခြင်း၊ ကယ်တင်ခြင်းအကြောင်းတွေကို လူတချို့က မေ့နေကြတယ်။ ကျွန်ုပ်တို့၏ အသက်တာ ဘဝဖူလုံဖို့ရန်အတွက် အကောင်းဆုံးသော၊ အလိုအပ်ဆုံးသော အရာက ကယ်တင်ရှင် သခင်ယေရှု ခရစ်တော်ကို နှလုံးသားမှာ သိမြင်၊ ယုံကြည်လက်ခံခြင်းပဲ ဖြစ်ပါတယ်။ ကျွန်ုပ်တို့အတွက် အကောင်းဆုံးသော "ခန္ဓာ၊ စိတ်၊ ဂိညာဉ်" အရာသုံးပါး နားခိုရာ၊ ခိုလှုံရာလဲ ဖြစ်ပါတယ်။ ကယ်တင်ရှင် ကိုယ်တော်ရှင်ရဲ့ ထံတော်သို့ ကျွန်ုပ်၏ တန်ဖိုးရှိလှတဲ့ အသက်ဂိညာဉ်၊ နေ့စဉ်ဖြတ်သန်းရတဲ့ အသက်တာ၊ အတတ်ပညာ၊ စည်းစိမ် ချမ်းသာကြွယ်ဝမှု အရာအားလုံးကို အပ်နှံပါရစေ။ ကယ်တင်ရှင် သခင်ကို ကျွန်ုပ် ပိုမိုသေချာစွာ သိချင်နေမိတယ်။ ကိုယ်တော်ရှင်ရဲ့ ချစ်ခြင်းမေတ္တာ၊ သနား ကရုဏာ ကြီးမြတ်မှုတွေကို ပိုမိုသေချာစွာ သိမြင်ခဲ့ရင် ကိုယ်တော့် ထံတော်ပါးမှာ ကျွန်ုပ် ပျောက်ဆုံးတော့မည် မဟုတ်ပါ။ ကိုယ်တော်ရှင်ကို ပိုမိုသေချာစွာ သိမြင်သူ အဖြစ် ကျွန်ုပ် ရပ်တည်ချင်တယ်။ ကိုယ်တော်ရှင်ရဲ့ မွန်မြတ်လှတဲ့ အသွေးတော် ကျွန်ုပ်တို့အတွက် စီးဆင်းခဲ့ပြီ။ အံ့ဩဖွယ်ရာ ဂုဏ်ကျေးဇူးတော် ကြီးမြတ်လှပါတယ်။ လောကရဲ့ အသိဉာဏ်၊ ပညာတွေနဲ့ စူးစမ်းရှာဖွေလို့ မရနိုင်တဲ့အရာ ကိုယ်တော်ရှင်ရဲ့ ချစ်ခြင်း မေတ္တာ၊ ကရုဏာတော် ကြီးမြတ်လှပါတယ်။ လောကရဲ့ လူတွေအတွက် ကယ်တင်ခြင်း၊ ထာဝရအသက်ရှင်ခြင်း၊ ကရုဏာတော်ကို ကိုယ်တော်ရှင် ပေးအပ် ခဲ့တယ်။ သို့ပေမယ့် ကိုယ်တော်ရှင်ကတော့ လက်ဝါး ကားတိုင်တော်မှာ အသေခံခဲ့ရ တယ်။ အမှောင်လောက လူတွေရဲ့ အပြစ်များကို အသွေးတော်နဲ့ ဆေးကြောခဲ့တဲ့ အံ့ဩဖွယ်ရာ ကယ်တင်ရှင် သခင်ယေရှုရဲ့ ချစ်ခြင်း မေတ္တာတွေဟာ ကျွန်ုပ်တို့အတွက် မရေတွက် နိုင်လောက်အောင် ကြီးမား မြင့်မားလှပါတယ်။ ဘုရားတကာတို့ထက် မြတ်သော ဘုရားတို့ရဲ့ သခင်၊ ထာဝရ ဘုရားသခင်ရဲ့ မေတ္တာ ကရုဏာတော်မြတ်ဟာ ကျွန်ုပ်တို့အတွက် ခမ်းခြောက်လေ့မရှိ ထာဝရစီးဆင်းနေတဲ့ သက်စမ်းရေ ပါပဲ။ အစဉ်အမြဲ စီးဆင်းလျှက်ပေါ့။ စာဖတ်သူ အယောက်စီတိုင်း ကယ်တင်ရှင် သခင် ယေရှုကို ပိုမို သေချာစွာသိမြင်၊ သိချင်သူများဖြစ်ကြပြီး၊ မိမိတို့၏ခန္ဓာ၊ စိတ်၊ ဂိညာဉ်အ အလုံးစုံတို့ကို ကိုယ်တော်ရှင်ရဲ့ ထံတော်ပါးသို့ စိတ်နှလုံးအကြွင်းမဲ့ အပ်နှံ သူများ ဖြစ်နိုင်ကြပါစေ။ အာမင်! ။ ကျေးဇူးတော်မြတ်၌ - F.penny (mizo)တမူး

---

## ရှာလျှင်တွေ့၍ ခေါက်လျှင်ဖွင့်မည် Samuel Soe Lwin

သမ္မာကျမ်းစာတွင် ရှာလျှင်တွေ့မည်ဆိုသော စကားကိုကြည့်ခြင်းအားဖြင့် လူတိုင်း ၏ အသက်တာတွင် လိုအပ်ချက် (သို့)လက်လွတ်ဆုံးရှုံးခဲ့ရသော တစ်ခုခု ပျောက်ဆုံး နေသောကြောင့်ပင် ဖြစ်သည်။ ဘုရားသခင်က ပျောက်ဆုံး သွားသော အရာ များအား လူတိုင်းပိုင်ဆိုင်စေချင် ပါသည်။ ရှာပါဟုဘုရားသခင်က မိန့်ဆိုထားသည့် အားလျော်စွာ ကျွန်တော်တို့ရှာဖွေ မည့်အရာအတွက် အဘယ်အရာကို ပျောက်ရှ ခဲ့ဘူးသလဲဆိုတာကို ကောင်းစွာ သိရှိရှာဖွေရန် တိကျမှုရှိရမည်။ ထို့အတူ အဘယ်ကဲ့သို့သော နည်းလမ်းဖြင့် ရှာဖွေရမည်ကိုလည်း ကောင်းစွာ သိရပေမည်။

**အဘယ်အရာကို ဆုံးရှုံးခဲ့၍ အဘယ်သို့ရှာဖွေရပါအံ့နည်း။**

ပဌမဦးဆုံး ဘုရားသခင် ဖန်ဆင်းသောလူ၌ ခန္ဓာ၊ စိတ်၊ ဝိညာဉ်ဟူ၍ ဖွဲ့စည်း ထားသော မနုဿ လူသားပင်ဖြစ်သည်။ အသက်ရှင်သော လူသား ဖြစ်သည့် အားလျော်စွာ နံ ဝိညာဉ်ဖြင့် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ရင်း နှုတ်ကပါတ်တော်နှင့် အသက်ရှင်လျှက် အထံတော်မှ ကောင်ကြီးမင်္ဂလာများဖြင့် ပျော် ရွှင်ကြွယ်ဝသော ချမ်းသာသုခ အပြည့်ရှိခဲ့ပါသည်။

သို့သော် စာတန်မာရ်နတ်၏ သွေးဆောင်မှုကို ခံယူ၍ ဘုရားသခင်၏ စကားတော်ကို မျက်ကွယ်ပြုခဲ့သည်။ ကမ္ဘာဦး ၂း၁၆-၁၇ တွင် "*ထာဝရအရှင်ဘုရား သခင် ကလည်း၊ ကောင်းမကောင်းကို သိကျွမ်းရာ အပင်မှ တပါး ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏အသီးကို သင်သည်စားရသောအခွင့်ရှိ၏။ ထိုအပင်၏ အသီးကိုကား မစားရ၊ စားရသောနေ့တွင် ဧကန်အမှန်သေရမည်ဟု လူကိုပ ညတ်ထားတော်မူ၏*" ဟူ၍တွေ့ရပါသည်။

လူ၏ အင်န်းအတာသည် ဘုရားသခင်ကိုကြောက်ရွံ့၍စကားတော်ကို နာခံ ရန် ဖြစ်သော်လည်း (ဒေ ၁၂း၁၃) ပဌမဖန်ဆင်းခံလူသားသည် စကားတော်ကို နာခံ လိုက်လျှောက်ခြင်းမရှိခဲ့။ အဆုံး၌မနာခံခြင်းကြောင့် လူသည်နံသက်ဝိညာဉ် သေသွားကာ ရုပ်သက်သက်အသက်ရှင်၍ နံဝိညာဉ် ဘုရားသခင်နှင့် မိတ်သဟာယ ဖွဲ့နိုင် စွမ်းမဲ့ခဲ့ရသည်။ အာဒံသည် ဧဒင်ဥယျာဉ်ထဲမှ ကျိန်ခြင်း ခံထားရသောမြေကမ္ဘာသို့ နှင့်ထုတ်ခံခဲ့ရသည်။ သူနှင့် ဆွေစဉ်မျိုးဆက်တို့သည် "နဖူးက ချွေး၊ ခြေမတိုင်ကျအောင် ရှာဖွေစားသောက်ရင်းအိုခြင်း၊ နာခြင်း၊ သေခြင်း ဘဝတွင် ကျင်လည် ကြရသည်။ အဆုံးတွင် ဘုရားသခင်၏ ဖန်ဆင်းစအခြေအနေဖြင့် လူသားတို့ အသက်မရှင်နိုင်ကြတော့ဘဲ၊ သင်္ခါရသဘောဖြင့်၊ အနတ္တ သက်သက်ဖြင့် ကိုယ် ထင်ရာ ကိုယ်ဆိုင်းကာ ဒုက္ခကြုံကြ ရလေသည်။

နံဝိညာဉ်သက် မရှိ၊ စိတ်နှင့် ရုပ်သက်သက်သာ ရှိသော သူတို့သည် ဖန်ဆင်းစ လူသား ကဲ့သို့ ထိုက်ထိုက် တန်တန်အသက်ရှင်လိုပါက နံသက်ဝိညာဉ်ကို အသက် ဆက်ဖို့ လိုအပ်သည်။ ဝိညာဉ်တော် ဘုရား၏ ဖေးမတော်မူခြင်း အားဖြင့် လူ သည် ဒုတိယမွေးခြင်း ကိုခံပြီး နောက်တွင် နံဝိညာဉ်ဖြစ်သော ဘုရားသခင် နှင့် မိတ်သဟာယဖွဲ့ကာ လူပီသစွာ ထိုက်ထိုက်တန်တန်အသက်ရှင်နိုင်သည်။ ထို့ကြောင့်လည်း ဘုရားသခင်က ရှာလျှင် တွေ့မည်ဟုမိန့်တော်မူခြင်းပင်ဖြစ်သည်။

လောကီလူသားတို့အတွက် ဒုတိယမွေးခြင်းအသက်တာရရှိရန် ယေရှုခရစ်တော် တည်းဟူသော အသက်လမ်း၊ တံခါးကိုဖွင့်ပေးတော်မူခဲ့သည်။ ခရစ်တော်ဘုရားအား ခေါ်ဖိတ်လက်ခံယုံကြည်သောအခါ ဘုရား သခင်၏ကတိတော်အတိုင်းး သန့်ရှင်းသော ဝိညာဉ်တော်ကိုလက်ခံရရှိပြီး ကျွန်ုပ်တို့အထဲတွင်ကိန်းဝပ်တော်မူ၍ ဝိညာဉ် အသက်ကို ရှင်စေတော်မူသည်။ ခရစ်တော်ဘုရား၏ တံခါးခေါက်ခြင်း အသံကို ကြားပြီး ဘုရားသခင်ကို မျှော်ကြည့်လက်ခံသည့်ခနတွင် ဝိညာဉ်တော်ဘုရားသည် ဒုတိယမွေးခြင်းကို ပေးတော်မူသည်။ (ယော ၃း၁၆) ဝိညာဉ်တော်ဘုရား၏ လမ်းပြမှုကိုနာခံ၍ ဇာတိပကတိကိုစွန့်ခြင်း၊ နှုတ်ကပါတ်တော်ကို နာယူခြင်း၊ နှုတ်ကပါတ် တော်နှင့် အညီဆုတောင်း ခြင်းအမှုတို့ကိုပြုပါက အလို တော်နှင့်အညီ ကျင်လည်အသက်ရှင် နိုင်ပေသည်။ ၎င်းတို့သည်ကား နံဝိညာဉ် သက် သေဆုံးခဲ့သောသူတို့သည် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ ဝိညာဉ် သက် ရှိသောလူဖြစ်လာခြင်းပင်ဖြစ်သည်။

ကြက်ဥ၏ အနှစ်ကိုစားလိုပါက အခွံကိုခွဲ၊ အကာကိုခွါရပေမည်။ ထိုနည်းတူစွာ ဝိညာဉ်ပကတိဖြင့် အသက်ရှင်လိုပါက သွေးသားဇာတိသဘောကို စွန့်ပယ်ပြီး ဝိညာဉ်၌ဒုတိယမွေးခြင်းကိုခံရပေမည်။ ၎င်းသည် ကား ဘုရားသခင် မိန့်မြွတ်တော်မူသော "ရှာခြင်း" ပင်ဖြစ်သည်။ ကမ္ဘာ့လျှစ်ခါတ်အားများ ပြတ်တောက်သွားသည် ဆိုပါစို့။ တစ်ခုကောင်း စနစ်ဖြင့် မူလအခြေသို့ ပြန်မရနိုင်ပါ။ ဖြုတ်သင့်တာ ဖြုတ်၊ ပြင်သင်တာပြင်ဖြင့် တစ် ကမ္ဘာလုံး မူလ အခြေ ပြန်ရောက်ရန်အရေး အချိန်သည် လွန်စွာ လိုအပ် လှပေသည်။ ထိုနည်းတူစွာ နံဝိညာဉ်သက် သေနေသောလူသား အတွက် မူလအခြေ ပြန်လည် ရရှိရန်မှာ ဘုရား သခင်၏ နှုတ်ကပါတ် စကားတော် ကို ကြားနာ သိရှိရန်လိုသည်။ နှုတ်ကပါတ်တော်ကို သိခြင်း သက်သက် ဖြင့် မလုံလောက်ပါ ကြားနာ၍ သက်ဝင်ယုံကြည် ကိုးစား ဆု တောင်းခြင်း ပြုမှသာ မူလအခြေသို့ ပြန်လည် ရောက်ရှိ လာမည်ဖြစ်သည်။



**ခေါက်လျှင်ဖွင့်မည်။**

ဘုရားသခင်မိန့်တော်မူသော "တံခါး" သည်ကား ကတိတော်နှင့် ယှဉ်သော တံခါး ဖြစ်ပြီး ကျွန်ုပ်တို့ ခေါက်သောအခါ ဖွင့်ပေး တော်မူမည်ဖြစ်သည်။ ဘယ်ကဲ့ သို့သော တံခါးမျိုးကို



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၇၊ မေလ ၂၀၁၁ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ခေါက်ရန် ဘုရားသခင် မိန့်တော်မူပါသနည်း။ ၎င်းသည်ကား ဘုရားသခင်၏ နှလုံးတော်ကို ဖွင့်မည့်တံခါးပင်ဖြစ်သည်။

ကျွန်ုပ်တို့ ဘုရားသခင်၏ နှလုံးတော်တံခါးးကိုမခေါက်မီ ဘုရားသခင်က ကျွန်ုပ်တို့၏ နှလုံးတံခါးကို ဦးစွာခေါက်တော်မူပါသည်။ (ဗျာ ၃း၂၀) ထို့ကြောင့် ကျွန်ုပ်တို့ နှလုံးတံခါးကိုဖွင့်ပြီး ခရစ်တော်ဘုရားကို ခေါ်ဖိတ် လက်ခံလိုက်ခြင်းဖြစ်သည်။ ယခုမူကား ကျွန်ုပ်တို့က တံခါးခေါက်ရန် အလှည့် ရောက်လာခြင်းပင်ဖြစ်သည်။ အတိုင်းအဆမရှိ ပင်လယ် သမုဒ္ဒရာထက်နက်နဲသော၊ ကောင်းကင်မိုးမြေထက် ကျယ်ပြောသော ဘုရားသခင်၏ နှလုံးတော်တံခါးကို ခေါက်ခြင်းအားဖြင့် ကျွန်ုပ်တို့လိုအပ်မှု များကို လက်ခံရရှိနိုင်ပါသည်။

ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်၏ နှလုံးတံခါးကို ခေါက်သောအခါ ဘုရားသခင်က ကောင်းကင်တံခါးကို ဖွင့်လစ်၍ ကောင်းကင်ဘဏ္ဍာများကို သွန်းလောင်း ပေးတော်သည်။ ဘုရားသခင် ဖွင့်သော ကောင်းကြီးမင်္ဂလာတံခါးကို အခြားသူ မပိတ်စို့ နိုင်သလို ဘုရားသခင် ပိတ်ထားသော ကောင်းကြီး တံခါးကို လည်း အဘယ်သူမှ မဖွင့်နိုင်။ ကျွန်ုပ်တို့အပေါ် ကောင်းကြီးမင်္ဂလာကို ခံစားလိုပါက သာ၍ သွန်းလောင်း ပေးသောအခါ၌ လည်း အဘယ်သူမျှမဟန့်တားမဆီးတား၊ ႕ပိတ်စို့နိုင် (ဗျာ ၃း၇)။

ဘုရားသခင်၏ နှလုံးတံခါးကိုခေါက်သောအခါ ကောင်းကြီးမင်္ဂလာ အဖြေကို ကျွန်ုပ်တို့ရရှိနိုင်သည်။ အဘယ်မျှ တံခါးခေါက်သည့်အပေါ်တွင် မူတည်၍ ကြီးကြီး၊ ငယ်ငယ် ကောင်းကြီးမင်္ဂလာကို ခံစားရပါသည်။ ကြီးမားသော ကောင်းကြီးမင်္ဂလာကို ခံစားလိုပါကသာ၍ တံခါးခေါက်ခြင်းကို စိတ်နှလုံးပါလျှက် ဆုတောင်းခြင်း အမှုကို ပြုရပေမည်။ ကျွန်ုပ်တို့သည် ဇာတိ အသွေးအသားအလို အသက်ရှင်မှုများကို စွန့်ပယ်၍ သမ္မာတရားနှင့်အညီ အသက်ရှင်ပါက ဘုရားသခင်နှစ်သက်အားရတော်မူကာ တောင်းလျှောက်သော ဆုကျေးဇူးကိုလက်ခံရရှိနိုင်သည်။ ထို့ကြောင့် ဘုရားသခင်၏ နှလုံးတော်တံခါးကို ခေါက်ခြင်းဟူသည် အလိုတော်နှင့်အညီ အသက်ရှင်ခြင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့ အမှန်တကယ်ဖွဲ့နပန်းကြီးစွာ တံခါးခေါက်ခြင်းကိုပြုရာတွင် “ဘာကြောင့် ဒီလောက် အသံကျယ်လောင်စွာ ခေါက်ရသလဲ” ဟုဘုရားသခင်သည် အပြစ်တင်ခြင်းကို ပြုတော်မူမည်မဟုတ်။ ထိုအရာနှင့် ဆန့်ကျင်စွာ သာ၍ နှစ်ထောင်းအားရ ဖြစ်တော်မူပြီး နားညောင်း အဖြေပေးပါသည်။ ထို့ကြောင့်လည်း သင့် အနေဖြင့် တံခါးကိုခေါက်၊ တောင်းလျှောက် လေသမျှကို လက်ခံရရှိကာ ဘုရားသခင်ကို ချီးမွမ်းခြင်း ပြုမည်ဟု ကျွန်တော် မျှော်လင့်ပါသည်။ လေးခွဖြင့် သင် ငှက်ပစ်ဘူးပါ သလား။ တစ်ခါက ကျွန်တော်ရဲ့ လေးခွကျွမ်းကျင်မှုကို အဖေရဲ့အသိ တစ်ယောက်က ချီးကျူး ခဲ့ဘူးပါတယ်။ စနစ်တကျဖြင့် သစ်သား ကို Y ပုံစံထွင်းထု ထားပြီး ရာဘာကြိုး ဖြင့်ချည်နှောင် ထားတဲ့ လောက်လေး ခွက တကယ့် အနုပညာ မြောက်လှပါတယ်။

မ ၇း၇-၁၁ ထဲက စကားတော်ပါ “တောင်းလျှောက်ခြင်း” ဆိုတဲ့အရာက လောက်လေးခွမှာ လောက်စာခဲကိုသုံးပြီး ငှက်ကိုဖမ်းရသလိုပဲ ကျွန်တော်ခံ စားပါတယ်။ ထိုသို့ဆိုက သင်သည်ငှက်ကို မှန်ကန်စွာပစ်နိုင်ရန်တော်လျှော်သော ကျွမ်းကျင်မှု ရှိဘို့ လိုပါသည်။ သင်သည် လက်တည့်သူဖြစ်ရန် တည်နေရာ တစ်ခုကို သတ်မှတ်ပြီး တတ်သိနားလည်အောင်လေ့ကျင့်၍ငှက်ကိုပစ်ယူနိုင်ရန် အကောင်းဆုံး လုပ်ဆောင် နိုင်ပေသည်။ “ရှာကြလော့” ဆိုသည့်အရာမှာလည်းထိုနည်းတူပင် ဖြစ်သည်။ နှုတ်ကပါတ်တော်ကို ဖတ်ရှု နှလုံးသွင်းခြင်း ဘုရားသခင်၏ ဖွားစသောသူငယ် ကဲ့သို့ နှုတ်ကပါတ်တော်နို့ရည်ကိုမှီဝဲခြင်း ဆက်ကပ်နေထိုင်ခြင်းသည် ဘုရား သခင် ထံမှ အဖြေများကိုလက်ခံရန် ထိုက်ထိုက်တန်တန် ပြင်ဆင်နေခြင်းပင်ဖြစ်သည်။ လောက်လေးကို ကောင်းစွာပစ်ခတ်နိုင်ရန် ပြင်ဆင်လေ့ကျင့်ပြီးပါက ပစ်ခတ် ရယူရန် သင်လက်တွေ့လုပ် ဆောင်နိုင်ပေသည်၊ ၎င်းသည်ကား “ခေါက်ကြလော့” ဆိုသည့်နည်းတူပင်ဖြစ်သည်။ လောက်လေး ကောင်းကောင်း ပြင်ဆင်ကာလက် တည့်သည် ဖြစ်ငြားလည်း သည်အတိုင်း ထိုင်နေက ငှက်ရမည် မဟုတ်။ ထိုနည်းတူပင် နှုတ်ကပါတ်တော် အတိုင်းအသက်ရှင်နှလုံးသွင်း တောင်းလျှောက်ပါက အထံတော်မှ ကောင်းကြီးမင်္ဂလာများကို ခံစားရမည်ဖြစ်သည်။ “တောင်းကြလော့၊ ရှာကြလော့၊ ခေါက်ကြလော့ ” ဆိုသောအရာသည် သီးခြားဆီ မရပ်တည်ပဲ ကွင်းဆက်များ သဖွယ်ဆက်စပ်နေသည်။ ယခုသင်သည် မည်သို့ တောင်းရမည်၊ ရှာရမည်။ ခေါက်ရမည်ကို သိရှိသွားပြီဖြစ်သည်။ သင်သည် စစ်မှန်စွာ တောင်းလျှောက်၊ ရှာကြံ၍တံခါးကိုခေါက်ရာမှ ဘုရားသခင်ထံမှ ကောင်းကြီး မင်္ဂလာများကို ခံစားရသောအခါ အဖဘုရားသခင်၏ဘုန်းတော်သာ၍ ထင်ရှား စေပါမည့်အကြောင်း သခင်ယေရှုနာမဖြင့် ကျွန်ုပ်တောင်းဆုပြုပါ၏။

**ဆယ်မြူရာယ်စိုးလွင်**

(ဝန်ခံချက်။ ။ Dr. Jaerock Lee ၏ Keeping watch and pray! အားမြန်မာမှုပြုပါသည်။)

## လူသားကျဆုံးခြင်းအကြောင်းအရင်း

Mary(ဖျာပုံ)



ကမ္ဘာဦး ၃။ နိဒါန်းအနေဖြင့် ကျဆုံးခြင်းကို ဒုက္ခဆင်းရဲခံရခြင်း။ ဖျားနာခြင်း သဘာဝ ဘေးအန္တရာယ်များနှင့်ကြုံတွေ့ ရခြင်း။ လုပ်တိုင်းမဖြစ် စိတ်ဓါတ်ရေးရာများ ပျက်ပြား ရခြင်း စသည်တို့ကို ဖြစ်ပေါ်စေရန် နာခံမှုမရှိခြင်း ကြောင့် ဘုရားရှင် ကျမတို့ကို အပြစ် ပေးခြင်းဖြစ် တယ်လို့ ဆင်ခြင်နှလုံးသွင်းကြပါစို့။

ဆင်းရဲဒုက္ခ ခံရသောအခါ ကျမတို့ကို ဘုရား သခင် ဘာပြောသလဲ။ ဘာတွေ သင် ပေးထားသလဲ။ ဘာအတွက် ဖြစ်ပေါ်ရပါသလဲလို့ ကိုယ့်ကိုကိုယ် မေးကြပါစို့။ ကျမတို့ လူသားအားလုံးကို လောကထဲမှာ အကောင်းဆုံး အကျိုးပြု အသက်ရှင် နေထိုင် ဖို့အတွက် ဘုရားသခင်က တစ်ဦးစီကို စွမ်းရည်၊ အရည် အချင်းတွေ တစ်မျိုးစီ ပေးထား ပါတယ်။ ဒီအရည်အချင်းတွေအားဖြင့် ဘုရားသခင်ကို တာဝန်ကျေဖို့ အရင်းအနှီး ပေးထား ခြင်းဘဲဖြစ်ပါတယ်။ ဘုရားရှင် ကျမတို့ကို ပေးထားသော စွမ်းရည်များအားဖြင့် ဘုရားရှင် ကို ပြန်လည်ပေးဆပ်နိုင်ဖို့ စဉ်းစား ကြည့်ကြပါစို့။ ကျမတို့ တစ်ဦးတစ်ယောက်စီတိုင်းမှာ ဘုရားရှင် ပေးထားတဲ့ အရည်အချင်း ရှိကြောင်း ၁ကော ၁၂း၄-၁၁ မှာ ဖော်ပြထားပါတယ်။ ကျမတို့ စဉ်းစားကြည့်ကြပါစို့။

T, Teaching; (သင်ကြားခြင်း)။ မိမိသည် ဉာဏ်ပညာကောင်းပြီး မှန်ကန်စွာ စဉ်းစားဆင်ခြင် ဆုံးဖြတ်တတ်သောကြောင့် သူတပါးကို ဆရာလုပ် သင်ကြားပို့ချ ပေးနိုင်သောနေရာမှာ ရှိနေပါသလား။ ဘုရားရှင်အတွက်လုပ်ဆောင်နေပါသလား။

A; Art; (အနုပညာ)။ မိမိသည် အနုပညာမှာ ထူးချွန်ပြောင်မြောက်ပြီး စာပေ ဂီတနှင့်ပါတ်သက်လျှင် စာတည်းဖြတ်သူ။ ညွှန်ကြားရေးမှူး။ ဒါရိုက်တာ ။ စာရေးသူ။ သီချင်းရေးသူ။ အဆိုတော်။ သရုပ်ဆောင် စသော အရည်အချင်း တစ်ခုခု ရှိနေပါသလား။ ဘုရားရှင် အတွက် လုပ်ဆောင်နေပါသလား။

L; Leader; (ခေါင်းဆောင်)။ မိမိသည် စည်းရုံး လှုံ့ဆော်တတ်သော အာဏာတန်ခိုး ရှိသောကြောင့် သင်းအုပ်။ ဥက္ကဌ။ အတွင်းရေးမှူး။ ဘဏ္ဍာထိန်း - စသော ဦးဆောင်နိုင်သည့် တစ်ထောင့်တစ်နေရာမှာ ရှိနေပါသလား။ ဘုရားရှင်အတွက်လုပ်ဆောင်နေပါသလား။

E; Engineer; (ကျွမ်းကျင်စွာလုပ်ဆောင်တတ်ခြင်း)။ ကျွမ်းကျင်မှု အတတ်ပညာပိုင်းနှင့်ပါတ်သက်၍။ အဆောက်အဦးပိုင်း။ လျှပ်စစ်ပိုင်း။ စက်မှုပညာ။ စသော ကျွမ်းကျင်မှု တစ်ခုခုစီ ရှိနေပါသလား။ ဘုရားသခင်အတွက် လုပ်ဆောင်နေပါသလား။

N; Nurse; (သူနာပြုစုခြင်း)။ မိမိသည် လူနာများ၏ ခန္ဓာ စိတ်ဝိညာဉ် ဉသုံ ကျန်းမာခြင်းရနိုင်ဖို့ အကြင်နာပါသော အပြုံးလေးများဖြင့် အနာရောဂါ တစ်ဝက် ကို သက်သာ စေနိုင်သောသူ။ နွေးထွေးသော လက်အစုံဖြင့် ခွန်အားကို ပေးနိုင်သောသူ။ ချိုသာသော စကားလေးများဖြင့် မျှော်လင့်ခြင်းကိုပေးနိုင်သစေသူ။ မိမိ၏ ဝါသနာ။ စေတနာ။ အနစ်နာ စသော နာသုံးနာအားဖြင့် သူနာပြုစုခြင်း အလုပ်မှာ ရှိနေပါသလား။ ဘုရားရှင်အတွက် လုပ်ဆောင် နေပါသလား။

T; Treatment; (ဆေးကုသမှု)။ မိမိသည် ဆရာဝန်တစ်ယောက် ဖြစ်ကာ လူနာများ၏ အနာရောဂါ ဝေဒနာ များကို ဘုရားရှင်၏ နာမဖြင့် စမ်းသပ်ရှာဖွေ ကုသပေးရသူ ဖြစ်နေပါသလား။ ဘုရားရှင်အတွက် လုပ်ဆောင်နေပါသလား။

ဘုရားသခင်သည် ကျမတို့ကို စွမ်းရည်များ ပေးထားသော်လည်း ယနေ့ ကျမတို့တွေ အဘယ့်ကြောင့် ကျဆုံးရပါသလဲ။ ယနေ့ ကျမတို့တွေ ဘုရားရှင်၏ ပညတ်တော်ကို နာခံမှု မရှိ၍သာ ဖြစ်နိုင်တယ်လို့ ဖွင့်ဆိုချင်ပါတယ်။ က ၂း၁၆-၁၇ မှာ ဘုရား သခင်က အာဒံနှင့် ဧဝကို ကောင်းမကောင်းကို သိကျွမ်းရာ အပင်မှ တပါးထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏ အသီးကို စားခွင့်ပြုခဲ့သည်။ ထိုအပင်၏ အသီးကို မစားရ။ စားသောနေ့တွင် ဧကန်အမှန် သေရမည်ဟု လူကို ပညတ်ထားတော်မူ၏။ က ၃း၁-၂၄ မှာ စာတန်မြွေဟာ ဧဝကို လွတ်လပ်စွာ ရွေးချယ်ခွင့်များထဲမှ သွေးဆောင်ကာ နောက်ဆုံး ဘုရာသခင်၏ စကားကို နားမထောင်အောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ က ၃း၉ မှာ ထာဝရအရှင် ဘုရားသခင်ကလဲ သင်သည် အဘယ်မှာရှိသနည်းဟု လူကို ခေါ်တော်မူ၏။ ကမ္ဘာဦးကျမ်း အခန်းကြီး ၃ ကို ဖတ်ကြည့်ရင် လူသားကျဆုံးခြင်း အကြောင်းကို တွေ့ရပါတယ်။ ကျမတို့တွေ ကျဆုံးခြင်းဖြင့် မရင်ဆိုင်ဖို့ မိမိမှာ ရှိသည့် အရည်အချင်းများကို ခရစ်တော်အတွက် အသုံးချရန် တိုက်တွန်းချင်ပါတယ်။ မိမိကိုယ်ကျိုးအတွက်သာ သုံးနေသေးမယ် ဆိုရင် ကျဆုံးခြင်းနဲ့ ရင်ဆိုနေရပါအုံးမယ်။ က ၃း၉ က သင်သည် အဘယ်မှာ ရှိသနည်းဟု ခရစ်တော်က ကျမတို့ကို မေးနေပါတယ်။ ဘုရားသခင် ပေးထားသော အရည်အချင်း စွမ်းရည်များ အားဖြင့် အချိန်မီ ဘုရားသခင်ရဲ့ နိုင်ငံတော် အတွက် အသုံးပြုကြပါစို့။ ။ Mary(ဖျာပုံ)

---



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၇၊ မေလ ၂၀၁၁ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

## သခင်ခရစ်တော်အကြောင်း(၁)

နန့်သင်းသင်းအေး



၁)ကောင်းကင်တမန်တို့သည် သိုးထိန်းတို့အား ထင်ရှားပြစဉ် သီဆိုသော သီချင်း မြင့်မြတ် သော အရပ်၌ ဘုရားသခင်အား ဘုန်းတော်ဂုဏ်တော်ရှိစေသတည်း။ လု၂း၁၄

၂)ပညာရှိမင်းသုံးပါးတို့သည် သူငယ်တော်အား ဆက်ကပ်သော လက်ဆောင် ပစ္စည်း များနှင့် ၄င်းတို့၏ အဓိပ္ပါယ်များမှာ- လော်ဗန်သည် ဘုရား ဟူသော အဓိပ္ပါယ်ကို ဆောင်သည်။ မုရန် သည် လူ ဟူသော အဓိပ္ပါယ်ကို ဆောင်သည်။ ရွှေသည် ဘုရင် ဟူသော အဓိပ္ပါယ်ကို ဆောင်သည်။ မဿဲ ၂း၁၁

၃)ပညာရှိသုံးပါးတို့၏ အမည်များမှာ Gaspae, Melchioe, Barthasae တို့ဖြစ်ကြသည်။

၄)သခင်ခရစ်တော် ဗတ္တိဇံ ခံယူခဲ့သော မြစ်နှင့်ဒေသမှာ ဂါလိလဲပြည် ယော်ဒန်မြစ် (မ ၃း၁၃)

၅)သခင်ခရစ်တော် ဗတ္တဇံ ခံယူစဉ်ကောင်းကင်မှ လာသောအသံတော်ကား ဤသူသည် ငါနှစ်သက် မြတ်နိုးရာ ငါ၏ ချစ်သားပေတည်း (မ ၃း၁၇)

၆)မဟာဟေရုဒ်မင်းကြီး အနိစ္စရောက်သော်လည်း သခင်ခရစ်တော်နှင့် မိသားစုတို့သည် ဇာတိမြေသို့ မပြန်ဘဲ ဟေရုဒ်မင်းကြီးအရာ၌ သားတော်အာခေလသည် ယုဒပြည်တွင် မင်းပြုသောကြောင့် စိုးရိမ်ပူပန်သဖြင့် ဂါလိလဲပြည် နာဇရက်မြို့သို့ သွားရောက်နေထိုင်ခဲ့သည်။ (မ ၂း၂၂)

၇)သခင်ခရစ်တော်သည် တောကန္တာရ၌ ဝါရှောင် အစာမစားဘဲ ရက်ပေါင်း ၄၀ သီတင်းသုံးတော်မူခဲ့သည်။ (မ ၄း၂)

၈)သခင်ခရစ်တော် ပထမဦးဆုံးပြခဲ့သည့် တန်ခိုးနှင့်နေရာကား ရေကို စပျစ်ရည်အဖြစ် ပြောင်းလဲ စေခြင်းဖြစ်ပြီး ဂါလိလဲပြည် ကာနမြို့ မင်္ဂလာပွဲတွင် ဖြစ်သည်။ ယော ၂း၁၁

၉)သခင်ခရစ်တော်၏ အချစ်ဆုံးတပည့်တော်မှာ တမန်တော် ယောဟန် ဖြစ်ပြီး အသက်အငယ်ဆုံး ငယ်ဖြူလည်းဖြစ်သည်။

၁၀)ညအချိန်၌ ခရစ်တော်နှင့် လာရောက်ဆွေးနွေးသူမှာ နိကောဒင် ဖြစ်သည်။ လု ၁၉း၄

၁၁)အရပ်ပုသောကြောင့် သဖန်းပင်ပေါ်တက်ပြီး ခရစ်တော်ကို ဖူးမျှော်သူမှာ ဇက္ခဲ ဖြစ်သည်။ လု ၁၉း၄

---



## ကာလနာများပြားခြင်း

(နီကိုဂျူး)

ဘယ်ဘုရားနှင့်မှ မတူ၊ တစ်ဆူတည်းသော ဘုရား။ အရာခပ်သိမ်းတို့ကို တတ် နိုင်သော ဘုရား။ ခိုလှုံရာ ရဲတိုက်။ ကွယ်ကာရာဌာနမှ နေသောသူ။ ထာဝရ တည်ရှိသောသူ ယေရှု ခရစ်တော်ဘုရား ဖြစ်သည်။

မာရ်နတ် ပရိရာယ်တို့ကို ဆီးတားနိုင်မည် အ ကြောင်း ဘုရားသခင် ပြင်ဆင် တော်မူသော လက်နက်စုံကို ဝတ်ဆင်ကြစို့ရယ်။ ဘုရား သခင်၏ နှုတ်ကပါတ်တော် တည်း ဟူသော ဝိညာဉ်တော်၏ ဓါးကိုယူဆောင်ကြစို့။ဧဖက် ၆း

ငါသည် သင်တို့၏ အနာရောဂါကို ငြိမ်းစေသော ဘုရား ဖြစ်သည်ဟု မိန့်တော်မူ၏ ထွက် ၁၅း၂၆

ထာဝရဘုရားကို ကြောက်ရွံ့သော သူတို့ ပါတ်လည်၌ ကောင်းကင် တမန်တော်တို့သည် တပ်ချ၍ ကယ်လွှတ်တတ်ကြ၏ ဆာ ၃၄း၇

ဘုရားကို ချစ်ရမယ်။ ယုံရမယ်။ လေးစားရမယ်။ ဘုရားနာမကို သိရမယ်။ ဒီက နေ့ ကာလနာတွေ များပြားလာတယ်။ အရင်တုံးက မကြားဖူးတဲ့ ရောဂါတွေ အခု ဖြစ်နေတယ်။ ဘာဖြစ်လို့ အနာရောဂါတွေ ထူပြောလာရတာလဲ။ ယော ၉း၁ လမ်း၌ သွားတော်မူစဉ် အမိဝမ်းတွင်းကပင် မျက်စိကန်းသော သူတစ်ယောက်ကို တွေ့မြင် တော်မူ၏ တပည့်တော်တို့က အရှင်ဘုရား ဤသူသည် အဘယ်သူ အပြစ်ကြောင့် မျက်စိကန်း သနည်း။ ကိုယ်အပြစ်ကြောင့် ကန်းသလော။ မိဘ အပြစ်ကြောင့် ကန်းသလောဟု မေးလျှောက်ရာ ယေရှုက ကိုယ်အပြစ်ကြောင့် မဟုတ်။ မိဘ အပြစ်ကြောင့်လဲ မဟုတ်။ ဘုရှူးသခင်၏ အမှုတော်ကို သူ၌ ထင်ရှားစေမည် အကြောင်းတည်း။ ဒါဆိုရင် ရောဂါရှိတဲ့ သူက ဆုတောင်း ခံဖို့လိုပါတယ်။ လာဇရု အားလဲ သေနာ မဟုတ်။ ဘုရားသခင် ဘုန်းတော် ထင်ရှား ဖို့ဖြစ်တယ် လို့ပြောခဲ့ပါတယ်။

မိတ်ဆွေမှာ ရောဂါတကယ် ရှိခဲ့ရင် ဝန်တာထားပြီး ဆုတောင်းခံပါ။ ဒီကနေ့ ရောဂါတွေ အသစ်သစ် ထပ်ပေါ်နေပါတယ်။ ဘယ်လိုမှ ကုလို့ မပျောက်နိုင်တဲ့ ရောဂါ တွေလဲ ရှိပါတယ်။ နာတာရှည်။ အဆစ်အမြစ်ယောင်။ ဆီးချို ဘယ်လိုမှ မပျောက်နိုင်ဘူး။ အနာ ရောဂါတိုင်းကို ဆေးပညာတိုင်းက မကုနိုင်ပါဘူး။ ဒီရောဂါ ပျောက်ဖို့ ဒီ ဆေး သောက်တာ ဟိုရောဂါကို ထိသွားတယ်။ ဘုရားသခင်က အနာရောဂါကို ငြိမ်းစေတဲ့ ဘုရား ဖြစ်ပါတယ်။ ထွက် ၁၅း၁၆


ဒါဟာ ကတိတော်ဘဲ။ ရောဂါ မရှိတဲ့ သူများကလဲ ရောဂါမဖြစ်အောင် စည်းကမ်း ချက် သတ်မှတ်ရမယ်။ ၁)ပညတ်တော် စောင့်ရှောက်ရမယ်။ ၂) ဘုရားစကား နားထောင် ရမယ်။ ယေရှုခရစ်တော်က ၃နှစ်ခွဲ အလုပ်လုပ်ခဲ့တယ်။ ဟောပြောခြင်း။ သင်ကြားပေးခြင်း။ နတ်ဆိုး နှင်ထုတ်ခြင်း။ အနာရောဂါငြိမ်းခြင်း။ သေသူကို ရှင်ပြန်စေခြင်း။ လုပ်နိုင်ခဲ့တယ်။ ယုံကြည် သူတွေလဲ ဘုရားသခင်ရဲ့ တန်ခိုးနဲ့ နိမိတ် လက္ခဏာတွေ လုပ်နိုင်ပါတယ်။ တကယ့် ယုံကြည်ခြင်းရှိတယ် ဆိုရင်ပေါ့။ မာ ၁၆း၁၅ သင်တို့သည် လောကီ နိုင်ငံ အရပ်ရပ် ရှိသမျှ သို့သွား၍ ဝေနေယျသတ္တဝါ အပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့။ ယုံကြည် သောသူတို့၌ ဖြစ်လတ္တံ့သော နိမိတ် လက္ခဏာဟူမူကား ငါ၏နာမကို အမှီပြု၍ နတ်ဆိုး တို့ကို နှင်ထုတ်ကြလတ္တံ့။ ထူးခြားသော ဘာသာစကားမျိုးတို့ကို ပြောကြလတ္တံ့။ မြွေ တို့ကို ဖမ်းကိုင်ကြလတ္တံ့။ မကျန်းမာသော သူတို့ အပေါ်မှာ လက်ကို တင်၍ချမ်းသာ ပေး ကြလတ္တံ့။ ဟု မိန့်တော်မူ၏။

ယုံကြည်အားကြီးတဲ့ သူတော်ကောင်း ရဲ့ ဆုတောင်းချက်က တန်ခိုးကြီးပါတယ်။ အနာ ရောဂါပျောက်ဖို့ အချင်းချင်း ဆုတောင်းပေးဖို့ လိုအပ်ပါတယ်။ ယာ ၅း၁၃။ သင်တို့တွင် ဆင်းရဲခံရသောသူရှိလျှင် ဆုတောင်းစေ။ နာသောသူ ရှိလျှင် သင်းအုပ်တို့ကို ခေါ်၍ သူတို့သည် သခင်ဘုရား၏ နာမတော်ကို အမှီပြုလျှက် လူနာကို ဆီနှင့်လူး၍ သူ့အပေါ်မှာ ဆုတောင်းကြစေ။ အဝတ် မရှိသောသူကို မြင်လျှင် အဝတ်ကိုပေးခြင်း - - - ကိုယ်အသားကို မရှောင်ဘဲ နေခြင်းမဟုတ်။ -- သို့ပြုလျှင် သင်၏ အလင်းသည် မိုးသောက်သော အလင်း ကဲ့သို့ ပေါ်ထွန်း၍ အလျင်အမြန် ကျမ်းမာခြင်းသို့ရောက်လိမ့်မည်။ ဟေရှာယ ၅၈း၆-၇-၈။ အနာရောဂါ အလျင်အမြန် ပျောက်စေဖို့ ထာဝရဘုရားက စည်းကမ်းချက် သတ်မှတ် ပေးထား ပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော်ရေးချင်တာကတော့ ဘုရားသခင်က မိတ်ဆွေကို နွားတွေ၊ ကျွဲတွေ ပေးမယ်ဆိုရင် မိတ်ဆွေ ကြိုးတွေ ပြင်ဆင်ရမှာဖြစ်ပါတယ်။ ဘုရားသခင် က ပဲတွေ ဆန်တွေ ပေးမယ်ဆိုရင် မိတ်ဆွေ အိတ်တွေ တောင်းတွေ ပြင်ဆင်ရမှာ ဖြစ်ပါ တယ်။ ဘုရားက ဆီတွေ ပျားရည်တွေ ပေးမယ်ဆိုရင် ဖူးတွေ ပုလင်းတွေ ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ ဘုရားသခင်က မိတ်ဆွေရဲ့ အနာရောဂါကို ပျောက်ကင်းစေမယ်ဆိုရင် မိတ်ဆွ ဆုတောင်းရမယ်။ ဆုတောင်းခံရမှာဖြစ်ပါတယ်။ မိတ်ဆွေကို ဆုတောင်းပေးမဲ့ ဆရာသမား တွေဆီ တွေ့ဆုံရမှာ ဖြစ်ပါတယ်။ ယုံကြည်သူဆိုရင် ထိုင်နေလို့ မရပါဘူး။ ထပါ။ ပြီးရင် ခြေတစ်လှမ်း လှမ်းပါ။ ဘုရားသခင် အလုပ် စလုပ်မှာ ဖြစ်ပါတယ်။ ။ နီကိုဂျူး

---

## သက်သေခံချက် (Flower)



သခင့်စကားစာစောင်မှာ သက်သေခံခွင့်ရတဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ သခင့် စကားစာစောင် ပို့ပေးတဲ့ မခူးခူနဲ့ သက်သေခံချက်တွေကို ကြိုးဆို နေတဲ့ ဆရာမင်းအောင်သက်လွင်ကိုလဲ ကျေးဇူး တင်ပါတယ်။ စာရေးဖို့ ကြောက်ရွံ့နေတဲ့ သမီးရဲ့ စိတ်တွေ ကို အားပေးခဲ့တဲ့ ဘုရားသခင်ကိုလဲ ကျေးဇူးတင်ပါတယ်။ လာမဲ့ ဖွန်လ ၂၃ရက်နေ့မှာ သမီး အသက် ၂၃နှစ်ပြည့်ပါပြီ။ ဒီလို ရက်နဲ့ နှစ်နဲ့ ကိုက်ရင် ကံ မကောင်းဘူးလို့ ပြောကြပါတယ်။ အရင်တုံးကလို စိတ်မျိုးနဲ့ဆိုရင်တော့ ယတြာ သွားချေမိမှာပါဘဲ။ ဒါပေမဲ့ အခုတော့ ဘုရားသခင်ကို စတင် သိကျွမ်းခဲ့ပြီးတဲ့နောက်ပိုင်း အဲဒီ အယူဝါဒဆိုးတွေ ဖယ်ထုတ်ပစ်လိုက်ပြီး အရာရာတိုင်း ဘုရားအလိုအတိုင်း အသက်ရှင်နေမိပါတယ်။

သမီးရဲ့ အလုပ်ရှင်တွေက အသက် ၈၁ နှစ်အရွယ် အဖွားအိုကြီးနဲ့ အသက် ၄၆ နှစ်အရွယ် အန်တီကြီးတစ်ယောက် သားအမိ နှစ်ယောက်တို့ဘဲ ဖြစ်ပါတယ်။ သူတို့ကို မိသားစုလို ကျမ ဆက်ဆံ အလုပ်လုပ်ပေးခဲ့ပါတယ်။ သူတို့က သမီး မှားရင် ဆူတယ်။ မှန်ရင် ချီးကျူးကြပါတယ်။ ဒီလို အဆင်ပြေနေတဲ့ ဘဝလေးကို စိတ်အနှောက်အယှက် ဖြစ်လာရတဲ့ အကြောင်းလေးကို ဝေငှ ချင်ပါတယ်။ ဖွန်လ ၁၃ရက်နေ့မှာ ကျမ အိမ်ရှင် အန်တီက အင်ဒိုနီးရှားကို အလုပ်ကိစ္စနဲ့ ခရီးသွားရပါတယ်။ မသွားခင် ကျမ မွေးနေ့မှာ သူ စင်ကာပူမှာ ရှိမနေတဲ့အတွက် ဘောင်းဘီ၊ အင်္ကျီနဲ့ ခါးပတ်ကို ဟောင်ကောင် ကနေ လှမ်းမှာပြီး မွေးနေ့လက်ဆောင်အဖြစ် ဝယ်ပေးထားပြီးပါပြီ။ ကျမ မွေးနေ့ရောက်ရင် မွေးနေ့ ကဒ်ပေးဖို့၊ မွေးနေ့ကိတ် ဝယ်ပေးဖို့လဲ သူ့အမေကို ကြိုတင်မှာထားခဲ့ပြီးပါပြီ။ ၁၉ရက်နေ့မှာ သူခန ပြန်လာပြီး ၂၁ရက်နေ့ မှာ နောက်တစ်ခေါက် ပြန်ထွက် သွားဖို့ ရှိတဲ့အတွက် သူပြန်လာမဲ့ ၁၉ရက်နေ့မှာ သူ့အကြိုက် ဟင်းချက်ဖို့ ဟင်းချက်နည်း စာအုပ် ထဲကအတိုင်း ပြင်ဆင်ထားဖို့ သမီးကို မှာထားခဲ့ပါတယ်။ သူလိုချင်တဲ့ ခရမ်းချဉ်သီးကို လိုမ့်ပြီး ကြော်ထားပေးပါတယ်။ ၁၉ရက်နေ့မှာ သူပြန်ရောက်လာပါတယ်။ အလုပ် ပင်ပန်း နေတာကြောင့် သမီး ချက်ထားပေးတဲ့ ဟင်းကို မကောင်းဘူးလို့ပြောပြီး သူ့ဖာသာ ဆူအောင့်အောင့်နဲ့ ချက်နေပါတယ်။ အိမ်မှာ ရှင်းပေးထားတာကိုလဲ သူ သဘောမကျပါ ဘူး။ သူ့အမေ အဖွားကြီးကလဲ သမီးကို စိတ်တိုင်းမကျဘဲ သားအမိ နှစ်ယောက်စလုံး ဆူပူ နေကြပါတယ်။ ၂၁ရက်နေ့မှာ အလုပ်ကိစ္စနဲ့ အင်ဒိုနီးရှားကို သူပြန်ထွက်သွားပါတယ်။ အဖွားကြီးနဲ့ သမီး ၂ယောက်တည်း ကျန်ခဲ့ပေမဲ့ အဖွားကြီးကလဲ သမီးကို စိတ်ဆိုးတုံးပါဘဲ။ သမီးရဲ့ မွေးနေ့ရောက်ခါနီးမှာ အခုလို စိတ်ညစ်စရာတွေ ဖြစ်လာရတဲ့အတွက် သမီး မပျော်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၇၊ မေလ ၂၀၁၁ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ပါဘူး။ အခုလို ပြဿနာတွေထဲက ဘုရားသခင် ကယ်တင်ခဲ့ရင် သမီး သခင့်စကား စာစောင်မှာ သက်သေခံမယ်လို့ စဉ်းစားထားပေမဲ့ အခုထိ ပြဿနာက အဆင်မပြေသေးပါ ဘူး။ နောက်နေ့ဆိုရင် သမီး မွေးနေ့ရောက်တော့မှာ ဖြစ်ပေမဲ့ ည ၁၁နာရီလောက် အထိ စိတ်ဆိုး မပြေသေးပါဘူး။ ည၁၁နာရီမှာ အိပ်ယာဝင်ခဲ့ပေမဲ့ အဖွားကြီးက ည ၁၂နာရီမှာ အိပ်နေရာက ချက်ခြင်း ထလာပါတယ်။ ဘာလုပ်ပေးရမလဲလို့ သမီးက မေးလိုက်တော့ သူက နင့်မွေးနေ့အတွက် မွေးနေ့ကဒ်မှာ စာမရေး ရသေးဘူး။ ငါ့ဖာသာရေးမယ် လို့ ပြောပြီး သမီးမွေးနေ့အတွက် wish လုပ်မဲ့ မွေးနေ့ကဒ်ကို သူ့ဖာသာရေးပြီး သမီးလက်ထဲ ထည့်ပေးပါတယ်။ အခု မဖတ်နဲ့ နောက်နေ့မှာ ဖတ်လို့ ပြောသွားပါတယ်။ နောက်နေ့ သမီး မွေးနေ့ အိပ်ယာက နိုးတော့ အဖွားက အရမ်းပျော်နေပါတယ်။ သမီးကို မွေးနေ့ wish လုပ်တယ်။ မွေးနေ့ကိတ် ဝယ်ပြီး နှစ်ယောက်သား ပျော်ပျော်ရွှင်ရွှင် စားကြပါတယ်။ ရေခဲမုန့်လဲ ဝယ်စားပါတယ်။ တစ်နေ့လုံး အဖွားကြီးနဲ့ အဆင်ပြေသွားပေမဲ့ အန်တီကြီးနဲ့ အဆင်မပြေမှာကို စိုးရိမ်နေမိပါတယ်။ ၂၆ရက်နေ့မှာ အန်တီပြန်လာမှာမို့ ၂၅ရက်နေ့ ညနေပိုင်းမှာ အိမ်ကို သန့်ရှင်းရေးလုပ်နေမိပါတယ်။ ည ၁၀နာရီကျတော့ လေဆိပ်ကနေ အန်တီဖုန်းလှမ်းဆက်ပါတယ်။ တစ်ရက်စောပြီး စင်ကာပူကို ပြန်ရောက်လာလို့ အံ့သြသွားကြ ပါတယ်။

အန်တီအိမ်ကို ပြန်ရောက်လာပြီး အလုပ်လုပ်ဖို့ အတူတူသွားတဲ့ သူတွေက သူ့လက်မှတ်ကို ကြိုတင် ဝယ်မထားပေးတဲ့အတွက် ရရာလက်မှတ်နဲ့ ပြန်လာရတဲ့အတွက် တစ်ရက် စောရောက်လာတာဖြစ်ကြောင်း အလုပ်ထဲက လူတွေကို စိတ်ဆိုးနေပေမဲ့ အလုပ်ပင်ပန်းကြောင်း။ သောက်စရာ ဝိုင် မရှိကြောင်း။ မနက်ဖြန် ဘာမှ မချက်ဘဲ Pizza ဝယ်စားမဲ့အကြောင်း ကျမကို ရယ်ရယ်မောမော လာပြောပြပြီး စိတ်မဆိုးဘဲ အရင်အတိုင်း ပြန်ဆက်ဆံပါတယ်။ သမီးလဲ အရမ်းပျော်သွားပါတယ်။ မွေးနေ့မှာ စိတ်ညစ်စရာလေးတွေ တွေ့ရပေမဲ့ အဆင်ပြေပျော်ရွှင်ခွင့် ရခဲ့တဲ့အကြောင်းလေးကို သက်သေခံ ရေးသားလိုက်ပါတယ်။ ဘုရားသခင်ကောင်းကြီးပေးပါစေ။ ။ **Flower**

---



## တောင်းကြလော့ တောင်းလျှင်ရမည် 

ချိုနှောအယ်

လူရယ်လို့ဖြစ်လာကြတဲ့နောက် အိမ်ထောင်သားမွေး အမှုကို မဖြစ်မနေ ပြုကြရ စမြဲပါ။ ငါ ဒီတစ်သက် မစွံတော့ဘူး။ ငါ့အသက် ဗလချိုင့် ဖြစ်နေပြီ။ ငါတစ်သက်လုံး လူပျိုကြီး။ အပျိုကြီးဖြစ်တော့မှာဘဲလို့ စိတ်ဓါတ်မကျကြပါနဲ့။ ဘုရားသခင်ပေးရင် အားလုံး ဖြစ်နိုင်ပါတယ်။ ဒီဆောင်းပါး သက်သေခံချက်လေးကတော့ အထူးသဖြင့် အပျိုကြီး လူပျိုကြီးများအတွက် သတင်းကောင်းတစ်ခုပါ။ အိမ်ထောင် ပြုခြင်း အမှုကိစ္စဟာ အလွန် အရေး ပါတဲ့အတွက် မိမိဘာသာ စီရင်ဆုံးဖြတ်ခြင်း မပြုဘဲ ဘုရားသခင်ကို အားကိုးဖို့ ဝေမျှချင်ပါတယ်။ မ ၇း၇ ထဲမှာ ပါတဲ့ တောင်းကြလော့။ တောင်းလျှင်ရမည် ဆိုတဲ့ ဘုရား သခင်ရဲ့ ကတိစကားအတိုင်း ဘုရား သခင် ကိုသာ အားကိုးပြီး ဆုတောင်းကာ အိမ်ထောင် ဖက် ရှာမယ်ဆိုရင် ဘုရား သခင်က အကောင်းဆုံးကို ရွေးချယ် ပြင်ဆင်ပေးသွားမှာ ဖြစ်ပါ တယ်။

ကျွန်မ ဆယ်ကျော်သက် အရွယ်ကတည်းက အိမ်ထောင်ဖက် ကို ဘုရားသခင်ထံ အပ်နှံပြီး မိမိစိတ်တိုင်းကျ လိုချင်တဲ့ ပုံစံကို ဆုတောင်းခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒီတုံးက ဘုရားသခင်က ကျွန်မကို အိမ်ထောင်ဖက် ရည်းစားအဖြစ် ဘယ်သူနဲ့မှ မပေးတွေ့ခဲ့ပါဘူး။ ဘုရားသခင်က ကျွန်မတို့ မွေးကတည်းက ကျွန်မတို့အတွက် အကြံအစည် ရှိထားပြီး ဖြစ်တဲ့အတွက် အချိန်မတန်သေးလို့ မသင့်တော်သေးလို့ ကျွန်မ လိုချင်နေတဲ့ ဆယ်ကျော်သက် အချိန်မှာ အိမ်ထောင်ဖက် ချစ်သူရည်းစားကို မပေးခဲ့သေးပါဘူး။ ဘုရားသခင်က သူ့ကို အားကိုးတာဘဲ ကြိုက်ပါတယ်။ အိမ်ထောင်ဖက် ရွေးချယ်ခြင်းဟာ ဘဝမှာ အလွန် အရေးပါတာမို့ ဘုရားသခင်ကိုသာ အားကိုးပြီး ရွေးချယ်ကြစေလိုပါတယ်။ လူတစ်ကိုယ် အကြိုက်တစ်မျိုး ရှိတဲ့အတွက် ကိုယ်ကြိုက်တဲ့ ကိုယ့်ချစ်သူ ပုံစံကို ဘုရားသခင်ဆီမှာ တိတိကျကျ ဆုတောင်းဖို့ လိုအပ်ပါတယ်။ ကျွန်မ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်မဲ့ ချစ်သူကတော့ ဘုရားသခင်ကို ဦးခေါင်းနေရာမှာ ထားပြီး ဘုရားသခင်ကို အမြဲအားကိုး ဆက်ကပ် အသက်ရှင်တဲ့ သူဘဲဖြစ်ပါတယ်။ ကျွန်မက ပိန်တာကို မကြိုက်ပါဘူး။ ယောကျ်ားပီပီသသ ခန့်ခန့်ညားညား ရုပ်ရည်။ အသားအရည် စိုစိုပြေပြေနဲ့ ဆင်းရဲနေရင်လဲ ချမ်းသာတဲ့ ရုပ်မျိုးရှိတဲ့ သူကိုဘဲ ကြိုက်ပါတယ်။ ဆယ်ကျော်သက် အရွယ်က စပြီး ကျွန်မ လိုချင်တဲ့ ပုံမျိုးဆုတောင်းခဲ့တာ တစ်ယောက်မှ မတွေ့ခဲ့ပါဘူး။ ကျွန်မ ဇီဇာကြောင် လွန်းတဲ့အတွက်ကြောင့်လဲ ဖြစ်မှာပါ။ ကျွန်မက ကြိုက်တဲ့ ပုံစံ ကျပြန်တော့လဲ မယုံကြည်သူ ဖြစ်နေသလို။ ကျွန်မကို လာကြိုက်တဲ့ သူတွေကျပြန်တော့လဲ ကျွန်မ မကြိုက် မနှစ်သက်တဲ့ ပုံစံတွေဖြစ်နေပါတယ်။ ဒီလိုနဲ့ ဆယ်ကျော်သက်မက အသက် သုံးဆယ်ကျော်တဲ့ အထိ စိတ်ကြိုက် မတွေ့ဘဲ အပျိုကြီးဖြစ်နေခဲ့ပါတယ်။ ကျွန်မရဲ့ အားကိုးစရာ မိဘနှစ်ပါးစလုံး ရှေ့ဆင့် နောက်ဆင့် ကွယ်လွန်သွားကြပြီးတဲ့နောက်မှာ ကျွန်မ ဘဝမှာ အားကိုးမှီတွယ်စရာ လူသားရယ်လို့ တစ်ယောက်မှ မရှိတော့တဲ့ အချိန်မှာတော့- အံ့သြဘွယ်ရာပါဘဲ ကျွန်မ ကြိုက်နှစ်သက်တဲ့ ရုပ်ရည် စိတ်ဓါတ်ရှိသူ ကျွန်မရဲ့ အိမ်ထောင်ဖက်ဟာ ကျွန်မ အိမ်ကို ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ရှိလို့လာပါတော့တယ်။

ကိုယ်ထင်ရင် ကုတင် ရွှေနန်း ဆိုတဲ့ အတိုင်းဘဲ ကျွန်မချစ်တဲ့ ချစ်သူဟာ ကျွန်မ လိုချင်တဲ့ ကြင်နာခြင်း ချစ်ခြင်းမေတ္တာတွေကို ကျွန်မ အပေါ်မှာ အပြည့်အဝ ပေးနိုင်ခဲ့ပါတယ်လို့ ဝန်ခံပါတယ်။ ကျွန်မ ရင်ထဲ ဝမ်းမြောက်မှုကတော့ အတိုင်းမသိ လောက်အောင်ပါဘဲ။ အဲဒီ ဘုရားပေးတဲ့ ကျွန်မရဲ့ အိမ်ထောင်ဖက်ဟာ စိတ်ထားနူးညံ့သိမ်မွေ့ သည်းခံသည်းသာမက လူသားအားလုံးအပေါ် မေတ္တာစေတနာ ထားတတ်ပြီး ကျေးလက် တောရွာ တောင်ပေါ် မြို့ပြ မကျန် ဧဝံဂေလိတရားကို လှည့်လည်ဟောပြော သက်သေခံနေတဲ့ သာသနာပြု ဆရာတစ်ဦးဖြစ်ပါတယ်။ လောကမှာ ဆင်းရဲတယ် ချမ်းသာတယ်ဆိုတာ ဘုရားနဲ့ဘဲ ဆိုင်ပါတယ်။ ဘုရားကို ချစ်ပြီး အားကိုးတတ်တဲ့သား။ ပျောက်ဆုံးဝိညာဉ်များကို ချစ်ပြီး ဘုရားသခင်ဆီပို့ဆောင်တတ်တဲ့ သားကို ပေးခဲ့လို့ ဘာမှကြောက်စရာ၊ စိုးရိမ်စရာ မလိုခဲ့ရအောင် ဝမ်းမြောက် ငြိမ်သက်ခြင်းရခဲ့ပါတယ်။ ကျွန်မတို့ ဇနီးမောင်နှံ နှစ်ယောက်ရဲ့ အံ့သြစရာတူညီတဲ့ အချက်ကတော့ စိတ်တူ သဘောတူဖြစ်နေတဲ့ အချက်ပါဘဲ။ ဒီအရာတွေ အတွက် ဘုရားသခင် မပြင်ဆင်ပေးရင် ဘာမှ မဖြစ်နိုင်ပါဘူး။ ဘုရားသခင် တကယ် ကောင်းမြတ်ပါတယ်။ ခိုလှုံစရာမရှိတဲ့ ကျွန်မ ဘဝကို အချိန်တန်မှ အားကိုးစရာ အိမ်ထောင်ဖက်ကို ပြင်ဆင် လက်ထပ်ပေးခဲ့တဲ့ ကျေးဇူးတော်က ကြီးမြတ်လှပါတယ်။ ကျွန်မ ချစ်သူ ခင်ပွန်းကလဲ ဒီနှစ်ထဲမှာ သူနဲ့ သင့်တော်မဲ့ အိမ်ထောင်ဘက် သမီးကို ပြင်ဆင်ပေးပါလို့ ဆုတောင်းတဲ့ အခါမှာ ကျွန်မနဲ့ တွေ့ဆုံကာ အိမ်ထောင်ဘက် ပြုခွင့် ရခဲ့ကြောင်း သက်သေ ခံခဲ့ပါတယ်။ ကျွန်မတို့ ဇနီးမောင်နှံ နှစ်ဦးစလုံးကို ဘုရားသခင်က အချိန်တန်မှ တွေ့ဆုံ အိမ်ထောင်ဘက် ပေးခဲ့တာဖြစ်ကြောင်း သက်သေခံလိုပါတယ်။ မိမိဘဝ အိမ်ထောင်ဘက်ကို အခု ကတည်းက ဘုရားသခင်လက်ထဲမှာ အပ်နှံပြီး အသက်တာ တစ်ခုလုံး ဆက်ကပ် အပ်နှံထားလိုက်ပါ။ မိမိရဲ့ အိမ်ထောင်ဘက်နှင့်တကွ သားစဉ်မြေးဆက် ဝမ်းမြောက် မှုများနှင့် စိတ်ချမ်းမြေ့စေမှာ သခင်ယေရှု တစ်ပါးတည်းပါ။ ။

ထာဝရဘုရား၏ ဘုန်းတော်ကို ထင်ရှားစေလျှက် - - **ချိုနှောအယ်**

---



## အမှောင်ကျခြင်း 

*မင်းအောင်သက်လွင်*

အဲဒီနေ့က ကျွန်တော် ညဂျူတီ ဆင်းနေရပါတယ်။ စင်ကာပူနိုင်ငံရဲ့ အလုပ်သမား အက်ဥပဒေအရ ညဘက်မှာ ညဂျူတီဆင်းတဲ့ သူတွေဟာ အနည်းဆုံး အလုပ်သမား နှစ်ယောက် အလုပ် လုပ်ရမှာ ဖြစ်တယ်။ ဒါမှ တစ်ခုခုဖြစ်ရင် တစ် ယောက်နဲ့ တစ်ယောက် အကူအညီ ပေးနိုင်အောင်လို့ပါ။ ကျွန်တော် အလုပ်လုပ်တဲ့ ကုမ္ပဏီက စင်ကာပူ တရုတ် မိသားစုပိုင် အလတ်စား စက်မှု လုပ်ငန်း ဖြစ်ပါတယ်။ အဓိက ကတော့ သင်္ဘော အင်ဂျင် အစိတ်အပိုင်း တွေကို ပြုပြင် မွမ်းမံတဲ့ လုပ်ငန်း ဖြစ်ပါ တယ်။ ကျွန်တော်က စက်မောင်း သမားပါ။ ကွန်ပျူတာ ကွန်ထရိုး တွင်ခုံစက် မောင်းသမားပါ။ ဒီနေ့မှာတော့ ဖောက်သည်တွေက အရေးကြီး အမြန် လိုချင်တဲ့ ပစ္စည်းမို့ ကျွန်တော်ဟာ မြန်မြန်ပြီးအောင် ညလုံးပေါက် စက်ခုတ်စား နေပါတယ်။ ကျွန်တော်နဲ့ အတူတူ ညဂျူတီကျတဲ့ သူကတော့ အိန္ဒိယ နိုင်ငံသား သံဂဟေဆက်သမား မစ္စတာ ဆာမိ ဖြစ်ပါတယ်။ ကျွန်တော်တို့က ညရနာရီကနေ မနက် ရနာရီအထိ အလုပ် လုပ်ရမှာ ဖြစ်ပါတယ်။

ဝပ်ရှော့ တစ်ခုလုံးမှာ ကျွန်တော်တို့ နှစ်ယောက်တည်း အလုပ် လုပ်နေတုံး ည ၁၁နာရီခွဲလောက်မှာ ရုတ်တရက် မီးအမှောင် ကျသွားပါတယ်။ ခေါင်မိုး မျက်နှာကျက်မှာ တပ်ဆင်ထားတဲ့ မီးချောင်းတွေ အားလုံး မှိတ်သွားသလို ခုတ်မောင်းနေတဲ့ CNC စက်ကြီးလဲ ထိုးရပ် သွားပါတယ်။ ကျွန်တော့ မျက်စိထဲ ဘာမှ မမြင်ရသလို ဘာသံမှလဲ မကြားရတော့တာမို့ ကျွန်တော်နဲ့ ပေ ၃၀ နီးပါး လောက်အကွာမှာ သံဂဟေ ဆက်နေတဲ့ မစ္စတာ ဆာမိကို "ဟဲလို ဆာမိ အာယူ အိုကေ" လို့ ဘိုလို လှမ်းအော် မေးလိုက်ပါတယ်။ "အိုင် အိုကေ။ အိုင် အိုကေ" ဆိုတဲ့ ဆာမိရဲ့ ပြန်ထူးသံကို ကြားလိုက်ရပေမဲ့ အမှောင်ထဲမှာ ကျွန်တော်တို့ နှစ်ယောက် စမ်းတဝါးဝါးနဲ့ ဖြစ်နေကြပါတယ်။

အဲဒီအချိန်တုံးက ကျွန်တော် စင်ကာပူ ရောက်တာ ၅ နှစ်ကျော် နေပါပြီ။ တစ်ခါမှ စင်ကာပူမှာ မီးမပြတ် (အမှောင် မကျ)ဖူးပါဘူး။ စင်ကာပူမှာ တစ်ခါမှ မတွေ့ဖူးတဲ့ အတွေ့ အကြုံ ဖြစ်သလို အရေးကြီး အမြန်လိုတဲ့ ပစ္စည်းကို သူဌေးနဲ့ အရာရှိတွေက ကျွန်တော့် ကို ယုံယုံကြည်ကြည်နဲ့ အပ်နှံ လုပ် ဆောင် ခိုင်းချိန်မှာမှ ရုတ်တရက် မီးပြတ်သွား တာမို့ ရုတ်တရက် ဘာလုပ် ရမှန်း မသိခဲ့ပါ။ ဝပ်ရှော့ အတွင်းပိုင်းမှာ မှောင်နေ ပေမဲ့ အပြင်မှာ လ သာ နေတာကြောင့် ဝပ်ရှော့ရုံထဲကနေ နှစ်ယောက်သား အပြင်ကို ထွက်လာခဲ့ကြ ပါတယ်။ ပထမတော့ ကိုယ့် ဝပ်ရှော့ တစ်ခုထဲ ဝါယာရှော့ ဖြစ်ပြီး မီးပြတ် သွားတယ်လို့ထင်လိုက်မိပေမဲ့ အပြင် ထွက်ကြည့်လိုက်မှ ဘေးနားမှာ ရှိတဲ့ ခြံချင်း ကပ်လျက်က

တခြား အလုပ်ရုံ ဝပ်ရှော့တွေ အပြင် လမ်းဘေး မီးတိုင် တွေပါ မီး မလာတာကို တွေ့လိုက်ရတော့မှ စက်ရုံ ဇရိယာ တစ်ခုလုံး အမှောင်ကျ မီးပြတ်သွားတယ်ဆိုတာ သဘော ပေါက် လိုက်မိပါ တယ်။ ဝပ်ရှော့ ရုံးခန်းထဲကို စမ်းတဝါးဝါး ပြန်ဝင်လာပြီး ဝပ်ရှော့ အရာရှိရဲ့ ဟန်းဖုန်းကို လှမ်း ဆက်လိုက်ပါတယ်။ "ဟဲလို မစ္စတာ အားကရောင် လား အခု ဝပ်ရှော့ ထဲမှာ မီးပြတ်သွားလို့ ဘာလုပ်ရမှန်း မသိဘူး အမြန်လာခဲ့ပါ" လို့ ဘိုလို လှမ်း သတင်း ပို့လိုက်ပါတယ်။ ည ၁၁နာရီ ခွဲနေတာမို့ သူတို့ မအိပ် သေးတဲ့အတွက် အဆက် အသွယ် ရသွားခဲ့ပါတယ်။ ဝပ်ရှော့ ဘေးနားက သစ်ပင်အောက်မှာ ကျွန်တော်ရယ် ဆာမိ ရယ် လုံခြုံရေး အန်ကယ်ကြီးရယ် သုံးယောက်သား ထိုင်စောင့်နေကြပါတယ်။ နာရီဝက် လောက် အကြာမှာ ဝပ်ရှော့ထဲကို ကားနှစ်စီး ရှေ့မီး နှစ်လုံး ထွန်းပြီး ဒရကြမ်း မောင်းဝင် လာပါတယ်။ ရှေ့အစီးက မာစီဒီး အနက်ရောင် ဖြစ်တာမို့ သူဌေးအကြီးကောင် စီးတဲ့ ကားဖြစ်ပြီး၊ နောက်က ကားက BMW အပြာရောင်လေးမို့ သူဌေး အငယ်ကောင် ကားမှန်း သိလိုက်မိပါတယ်။ ကျွန်တော်တို့ လှမ်းခေါ်တာက ဝပ်ရှော့ အရာရှိ ကိုပါ။ တကယ်တမ်း ရောက်လာတာက သူဌေး ညီအစ်ကို နှစ်ယောက် ဖြစ်နေပါတယ်။ ဝုန်း ဒိုင်း ဆိုတဲ့ ကား တံခါး ဖွင့်သံ ဆောင့်ပိတ်သံနဲ့အတူ သူဌေးနှစ်ယောက်စလုံး ကားပေါ်က ပြေးဆင်းလာကြ ပါတယ်။

သူဌေး အကြီးကောင်က စွပ်ကျယ် လက်တို အဖြူ ဘောင်းဘီတို ပွပွနဲ့ ရော်ဘာခြေညှပ် ဖိနပ် စီးထားတာမို့ ညအိပ် ခါနီး အဝတ်အစား တောင် မလဲ နိုင်ဘဲ အူယားဖားယား ပြေးထွက် လာခဲ့ပုံ ရပါတယ်။ အငယ် ကောင်ကတော့ စပို့ရှပ် လက်တို စတိုင် ဘောင်းဘီရှည် ဝပ်ကင်းရှူး ဝတ်ထား တဲ့အပြင် မျက်နှာမှာလဲ ဘီယာခိုး တွေနဲ့ နီမြန်းနေတာမို့ သူ့ရဲ့ ဖောက်သည် သူငယ်ချင်းတွေနဲ့ ညစာစား ဘီယာ သောက် ရာကနေ ပြေးလာပုံ ရပါတယ်။ ကျွန်တော်နဲ့ ဆာမိလဲ အထစ်ထစ် အငေါ့ငေါ့နဲ့ အလုပ် လုပ်နေတုံး မီးပြတ်သွားကြောင်း ရှင်းပြ ကြပါတယ်။ သူဌေး နှစ်ယောက် စလုံး ကျွန်တော် တို့ ရှင်းပြတာကို နားမထောင် ဘဲ သူဌေး အကြီးကောင် က ရုံးအပေါ်ထပ်ကို ပြေးတက် သွားသလို သူဌေး အငယ်ကောင်ကလဲ ဝပ်ရှော့ အနောက်ဘက် ပြေးသွားတာမို့ ကျွန်တော်နဲ့ ဆာမိ လဲ သူဌေး အငယ်ကောင်နောက်ကို ပြေးလိုက် သွားခဲ့ပါတယ်။ သူဌေး အငယ်ကောင်က ဝပ်ရှော့ အနောက်ဘက်မှာ ရှိတဲ့ လေမှုတ် စက်ကို မိန်းခလုတ်သွားချ လိုက်ပါတယ်။ အက်စ် ဓါတုဗေဒ ကန်ထဲမှာ ခရိုမီယမ် စိမ်ထားတဲ့ သဘော်အင်ဂျင် ပစ်စတင် ကရောင်းတွေရဲ့ မော်တာ ခလုတ်တွေကို လိုက်ပိတ်နေ ပါတယ်။ နောက်မှ သိရတာက သူဌေး အကြီးကောင်ဟာ ရုံးအပေါ်ထပ် မှာရှိတဲ့ သူ မွေးထားတဲ့ အလှရွှေငါးကန် ထဲက ရွှေငါးတွေ အသက်ရှူနိုင်ဖို့ လွှတ်ထား တဲ့ အောက်စီဂျင် ပန့် ခလုတ် တွေကို သွားပိတ်လိုက်ပြီး ဘတ္တရီနဲ့ ပန့်ကို ဆက် ပြီး ပြန်မောင်းပေးနေတာ ဖြစ်ပါတယ်။ နောက် ၂ နာရီကျော် လောက်မှ လျှပ်စစ်မီး ပြန်လာတာ ဖြစ်ပါတယ်။ အရေးပေါ် ပြီးရမဲ့ ပစ္စည်းလဲ အချိန်မီ မပြီးခဲ့သလို စက်ရုံ မန်နေဂျာ ရေးဆွဲ ထားတဲ့ ထုတ်လုပ်မှု လမ်းကြောင်း အစီအစဉ်လဲ အဲဒီညက အမှောင် ကျ ခဲ့တာ ကြောင့် အချိတ်အဆက် မမိဘဲ အစီ အစဉ်တွေ နှောင့်နှေးပြီး ပြောင်းသွား ခဲ့ရပါတယ်။ နောက်တစ်နေ့ မနက် သတင်းစာထဲမှတော့ စင်ကာပူနိုင်ငံက မြို့နယ်ကြီး ၅ခုမှာ ညက ၃နာရီလောက် လျှပ်စစ်မီးလိုင်း ပြတ် တောက်ပြီး အမှောင်ကျ သွားတယ်ဆိုတဲ့ ခေါင်းစီး အမည်းကြီးနဲ့ သတင်းထူး တစ်ပုဒ် အဖြစ် ပါလာခဲ့ပါ တယ်။ အခုခေတ် အမှောင်ကျတာက လျှပ်စစ်မီး ပြတ်တာဖြစ်ပေမဲ့ ရှေးယခင်က အမှောင် ကျရခြင်း အကြောင်းကတော့ အလင်း မရှိခြင်း။ အလင်းကို ဖုံးအုပ် ကွယ်ကာထား လို့ဘဲ ဖြစ်ပါတယ်။

ရှင်မဿဲ ၅း၁၄-၁၆ သင်တို့သည် ဤလောက၏ အလင်း ဖြစ်ကြ၏။ ဆီမီးထွန်း၍ တောင်းဇလား အောက်၌ ဖုံးထားလေ့ မရှိ။

ရှင်မာကု ၄း၂၁ ဆီမီးကို ဆီမီးခုံပေါ်မှာမတင်၊ တောင်းဇလား အောက် ခုတင်အောက်၌ ဖုံးထားခြင်းငှာ ယူခဲ့သလော။

ရှင်လုကာ ၈း၁၆ ဆီမီးထွန်းပြီးလျှင် အိုးမှောက်၍ ဖုံးထားလေ့ မရှိ။ ခုတင် အောက်၌လဲ ထားလေ့မရှိ။ ဝင်သောသူသည် အလင်းကို မြင်စေခြင်းငှာ ဆီမီးခုံ အပေါ်မှာ တင်ထားလေ့ရှိ၏။

သခင်ယေရှုရဲ့ တပည့်တော် သုံးပါးဖြစ်တဲ့ ရှင်မဿဲ၊ မာကု နဲ့ လုကာ တို့ဟာ အကြောင်း အရာ တစ်ခုတည်းကို တပြိုင်တည်း ရေးသား ထားတာ တွေ့ရပါတယ်။ အဓိက အချက် ကတော့ ယုံကြည်သူတွေရဲ့ အသက်တာမှာ အလင်းမပျောက်။ အမှောင် မကျ ရောက်ဖို့ဘဲ ဖြစ်ပါတယ်။ အမှောင်ကျရောက်နိုင်တဲ့ အချက် သုံးချက်ရှိတယ် ဆိုတာ တွေ့နိုင် ပါတယ်။ မီးအိမ်၊ မီးခွက်ကို -

၁) တောင်းဇလားအောက်၌ ဖုံးအုပ်ထားသောကြောင့်ဖြစ်သည်။

၂) ခုတင်အောက်၌ ထားသောကြောင့် ဖြစ်သည်။

၃) အိုးအောက်၌ ဖုံးအုပ်ထားသောကြောင့် ဖြစ်သည် တို့ဘဲ ဖြစ်ပါ တယ်။

၁) တောင်းဇလား အောက်၌ - -

တောင်းဇလား ဆိုတာက စီးပွားရေး လုပ်ငန်းကို ဆိုလိုခြင်းပါ။ စီးပွားရေး နယ်ပယ်မှာ အလေးချိန်၊ တင်းတောင်း တွေနဲ့ ချိန်တွယ်ရပါ တယ်။ စီးပွားရေး သမား ဆိုတာက အနည်းနဲ့ အများ ဆိုသလို အမြတ်ပိုရအောင် မမှန်ကန်တဲ့ နည်းတွေ သုံးရပါ တယ်။ ပိုပြောရတာ ရှိပါတယ်။ ဈေးကို ပိုခေါ်ရပါ တယ်။ စီးပွားမက်လွန်း။ လောဘ တက် လွန်းတဲ့ အခါမှာတော့ သမ္မာတရား အလင်းရောင်ကို စီးပွားရေး တောင်းဇလားနဲ့ ဖုံးအုပ် လိုက်မိတဲ့အတွက် ယုံကြည်သူ တွေရဲ့ အသက်တာဟာ အမှောင် ကျရောက် တတ်ပါတယ်။ ဥပမာ ရေးပြရရင် ကောင်းကြီးမင်္ဂလာ စီးပွားကို လိုချင်လွန်းတဲ့ ယာကုပ်ဟာ ဦးလေး လာဗန်ရဲ့ သိုးနွား ဆိတ်တွေကို ကလိမ်ကကျစ် ကျပြီး ယူခဲ့တယ်။ သူ့ရဲ့ အလင်းရောင်ကို တောင်းဇလားနဲ့ ဖုံးအုပ်ပြီး အမှောင် ကျရောက် စေခဲ့တယ် ဆိုတာ ကျမ်းစာထဲမှာ တွေ့နိုင်ပါတယ်။ က ၃၁း၁-၁၅

၂) ခုတင်အောက်၌ -----

ခုတင် ဆိုတာ တဏှာရာဂ ကို ဆိုလို တာပါ။ မေထုံသံဝါသ ပြုခြင်းကို ဆိုလိုပါတယ်။ လူတွေဟာ ခုတင်ပေါ်မှာ မေထုံ သံဝါသ ပြုကြ ပါတယ်။ သန့်ရှင်းသော ထိမ်းမြား လက်ထပ် ခြင်းဖြင့် မေထုန်ပြုခြင်းဟာ တင့်တယ်ပေမဲ့။ မသန့် ရှင်းသော မေထုန် ဟာ မတင့်တယ် ပါဘူး။ မတရားသော မေထုန် မှီဝဲ လွန်းသူ။ ဖောက်ပြန်သော တဏှာ ရာဂ ရေယာဉ်ကြောမှာ မျောပါတဲ့ သူဟာ မိမိရဲ့ သမ္မာ တရား အလင်း ရောင်ကို ခုတင်အောက်မှာ ထား လိုက်တဲ့အတွက် ဆီမီး အလင်းက မလင်းနိုင်တော့ဘဲ အမှောင် ကျရောက် တတ်ပါတယ်။ အကောင်းဆုံး သာဓက ကတော့ ရှံဆုန်ဘဲ ဖြစ်ပါတယ်။ ပြည့်တန်ဆာနဲ့ မေထုန်မှီဝဲ လွန်းတဲ့အတွက် ရန်သူ့ လက် အောက် ကျရောက် မျက်လုံး ဖောက်ခြင်း ခံခဲ့ရပါတယ်။ တရားသူကြီး ၁၆း၁၆-၁၇

ဒါဝိဒ်မင်းကြီးလဲ သူများ မယား ကို တပ်မက်မိတဲ့အတွက် ဆိုးကျိုး ပြန်ခံ ရပါတယ်။ တိုင်းတပါးမှာ စီးပွားလာရှာတဲ့ သူတစ်ချို့ တွေဟာ စိတ်လွတ် ကိုယ်လွတ်နဲ့ အိမ်ထောင်ရေး ဖောက်ပြန်ကြပါတယ်။ စင်ကာပူက ကျွန်တော် ပထမ ဦးဆုံး လုပ်ခဲ့ဖူးတဲ့ ကုမ္ပဏီမှာ မြန်မာအလုပ်သမား ၂၅ယောက် လောက် ရှိတဲ့အထဲမှာ အိမ်ထောင် မပြု ရသေးလို့ သူတို့ကိုယ် သူတို့ လူပျို လို့ ကြေငြာထားတဲ့သူ ၁၀ယောက် ရှိပါတယ်။ သူတို့ ဟာ လူရှေ့ ဘုရားရှေ့မှာ တင့်တင့်တယ်တယ် အိမ်ထောင် မပြုရ သေးပေမဲ့ လူကွယ်ရာမှာ ပြည့်တန် ဆာတွေ အပျော် ရည်းစားတွေနဲ့ ဖောက်ပြား မှားယွင်းပြီးတဲ့ သူတွေ ဖြစ်ပါ တယ်။ ဒီလို လူတွေဟာ ဆီမီးကို ခုတင်အောက်မှာ ဖုံး ထားတဲ့အတွက် လောက အတွက် အလင်း မလင်း နိုင်ခဲ့ ကြပါဘူး။

၃) အိုးအောက်၌ -----

အိုး (ခွက်၊ပန်းကန်) ဆိုတာကတော့ အစား အ သောက်နဲ့ ပတ်သက်တာကို ဆိုလိုပါတယ်။ ၁ကော ၁၀း၃၁ မှာ သင်တို့သည် စားသော်၎င်း သောက်သော်၎င်း --- ဘုရား သခင်၏ ဘုန်းတော်ကို ထောက်၍ ခပ်သိမ်းသော အမှု ကိစ္စကို ပြုကြလော့လို့ ကျမ်းစာက သတိပေး ထားပါတယ်။ အစား အသောက် မွေနောက် လို့ ဒုက္ခရောက်ရသူတွေ ဒုနဲ့ ဒေး ရှိပါတယ်။ "အစားမတော် တစ်လုတ်" (အစား အသောက် မီးလိုတောက်) ဆိုတဲ့ စကားဟာ တော် တော့ကို တာသွားပါတယ်။ ဧသော ဟာ အစားတစ်လုပ် ပဲဟင်းတစ်ခွက် အတွက် နဲ့ သားဦးအရာ ကောင်းကြီး မင်္ဂလာနဲ့ လွဲသွားခဲ့ရပါတယ်။ က ၂၅း၂၉-၃၄

မိတ်ဆွေတွေရဲ့ အသက်တာမှာ ဘယ်အရာအားဖြင့်မှ အမှောင် မကျရောက် မိပါစေနဲ့။ ။ မင်းအောင်သက်လွင်

--------------------------------------------------------------



## ကြိုးစားကြမယ်

ဖိုးလောအယ် (PoLaweh)

ဆီမရှိတဲ့ မီးတိုင်ကလေး မှိတ်တုတ်တုတ် ဖြစ်နေပေမဲ့လဲ အမှောင် ကမ္ဘာမှာ လမ်းပျောက်နေတဲ့ သူတွေအတွက် မျှော်လင့်ချက်လေး တစ်ခုပါဘဲ။ ပိုးစုန်းကြူးလေး ကို ကြည့်လိုက်စမ်းပါ။ လျှပ်စစ်မီးလုံး နဲ့ယှဉ်လိုက်ရင် ဘာမှမဟုတ်ပါဘူး။ ဒါပေမဲ့ သူ့မှာ ရှိတဲ့ အစွမ်းအစ လေးနဲ့ ကမ္ဘာမြေတခွင်ကို အလင်းပေးနေရှာတယ်။ ရေ မလောင်း၊ နေမထိတဲ့ အ မှောင် ထဲက ပန်းအိုးလေးတစ်အိုးကို ကြည့်လိုက်ပါ။ မကြာခင် မှာဘဲ ညှိုးနွမ်း ခြောက်သွေ့ သွားတာကို မြင်ရမယ်။ ဒါပေမဲ့ ရေလောင်းပြီး အလင်း ရောင် ရတဲ့ နေရာမှာ သွားထားလိုက်ရင် ပန်းပင်ကလေးဟာ ပြန်ဖူးပွင့်လာပြီး လောက တခွင်သို့ သူ့ရဲ့ အလှတွေ ဖြာဝေသွားမှာ ဖြစ်ပါတယ်။ သူတို့မှာရှိတဲ့ အစွမ်းအစ လေး တွေနဲ့ လုပ် ဆောင်ကြသလို အဲဒီလိုဘဲ ကျွန်ုပ်တို့ လူသားတွေဟာလဲ ဒီအရာတွေ ထက် အဆပေါင်း များစွာ သာတယ် မဟုတ်လား။ ဘုရားရှင်ပေးထားတဲ့ ခွန်အား အသိ တရား တွေနဲ့ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအပြင် ဖန်ဆင်းရှင် ဘုရားအတွက် အလင်း ပေးပြီး ထာဝရအလင်းဖြစ်စေကြပါစို့။ ။



မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂဏ နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076 E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))
((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))
မင်း အောင် သက် လွင် မီ စဉ် ထုတ် ဝေ သည်